

mgyoe.com

## မင်းရှင်

# ထိန်းချုပ်ရခက်သည့်စိတ်

ဝတ္ထုတိုများ

mgyoe.com

mgyoe.com



မိုးသောက်ပန်းချီ
ဗျို့ ဆိုက်ကားဆရာ
ဆရစ်ကညာမေရယ်
ဤလမ်းဆုံ
ထိန်းချုပ်ရခက်သည့်စိတ်
ထမင်းရှင်

ISBN9789997118578
SHS15
9 789997 118578
1,800.00KS

mgyoe.com

mgyoe.com

mgyoe.com

ရသခန်းသာ ရွေးသီရာ

# ထိန်းချုပ်ရခက်သည့်စိတ် ဝတ္ထုတိုများ

မင်းရှင်

၂၀ ရာစုအလယ်တစ်ပိုက် မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော မြန်မာဝတ္ထုတိုဆရာများ၏ လက်ရာမွန်များ
အမှတ်တရစုစည်းသည့် အစီအစဉ်။

မင်းရှင်ဝတ္ထုတိုပေါင်းချုပ်များတွင် မပါဝင်သေးသော
ဝတ္ထုများကို စုစည်းထားပါသည်။

ပထမအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

ထိန်းချုပ်ရခက်သည့်စိတ် ဝတ္ထုတိုများ။ မင်းရှင်
စာမျက်နှာ ၁၄၂ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


- မင်းရှင်၏ ကိုယ်ရေးအကျဉ်း (က)
၁။ မိုးသောက်ပန်းချီ ၁
၂။ ဗျို့ ဆိုက်ကားဆရာ ၉
၃။ ဆရစ်ကညာမေရယ် ၂၂
၄။ ဣါလမ်းဆုံ ၅၂
၅။ ထိန်းချုပ်ရခက်သည့်စိတ် ၁၀၆
၆။ ထမင်းရှင် ၁၂၂


◆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



မင်းရှင်
(၁၉၂၇ - ၁၉၈၆)

ရန်ကုန်ဇာတိ။ ၁၉၂၇ ဧပြီ ၆ ဖွား။ အဖ မီးရထားအရာရှိ ဦးတင့်၊ အမိ ဒေါ်ချော။ မွေးချင်းလေးယောက်တွင် အကြီးဆုံး။ မူလအမည်ရင်း ဦးဝင်းမောင်။ နောင်တွင် အမည်ရင်းကို 'မင်းရှင်' ဟုပင် ခံယူသည်။

၁၉၃၃ မှ ၁၉၃၆ အထိ အိုင်အိုစီဆင် မိန်းကလေးကျောင်းတွင် ပထမတန်းအထိ ပညာသင်ပြီး ၁၉၃၈ မှ ၁၉၄၂ အထိ ဆရာဖြစ်သင်ကောလိပ်ကျောင်းတွင် တတိယတန်းမှ ရှစ်တန်းအထိ ပညာသင်သည်။ ၁၉၄၆ တွင် ဒေါ်သာထက် အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်သည်။ ၁၉၄၆ မှ ၁၉၄၈ တွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာအထက်တန်းအထိ ပညာသင်ခဲ့သည်။

၁၉၄၇–၄၈ တွင် **သစ်ဆန်း**မဂ္ဂဇင်းအယ်ဒီတာနှင့် **တာရာ** မဂ္ဂဇင်း တွဲဖက်အယ်ဒီတာ၊ ၁၉၄၉ တွင် **ရှုမဝ** မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၄၉–၅၀တွင် တိုးတက်ရေးသတင်းစာ တွဲဖက်အယ်ဒီတာ၊ ၁၉၅၁–၁၉၅၃ တွင် အသံလွှင့်ရုံ မြန်မာပိုင်းအစီအစဉ် လက်ထောက်၊ ၁၉၅၃–၁၉၅၈ တွင် ဗမာ့တပ်မတော်၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်စဉ် ၁၉၅၄–၅၆ တွင် **မြဝတီ**မဂ္ဂဇင်း အမှုဆောင်အရာရှိ၊ ၁၉၅၈–၆၄

mgyoe.com

mgyoe.com


တွင် မြန်မာ့အသံ စာမူပြုမှုးနှင့် **သောတရှင်** မဂ္ဂဇင်းအမှုဆောင် အရာရှိ၊ ၁၉၆၄ ဇွန် ၁ မှစ၍ နိုင်ငံခြားရုပ်ရှင်တင်သွင်းရေး အေဂျင်စီ၌ အမှုထမ်းခဲ့ပြီး ၁၉၈၄ ဇွန် ၁၃ တွင် အငြိမ်းစားယူသည်။ ၁၉၄၄ တွင် ဗမာ့ကာကွယ်ရေးတပ်မတော်၊ အလုံလေယာဉ်ပစ် အမြောက်ကြီးတပ် သို့ တပ်သားအဖြစ် ဝင်ရောက်ပြီး တော်လှန်ရေးကာလတွင် တိုင်း (၁) မင်းလှစည်သူတပ်ရင်း၊ မင်းရှင်နောင်တပ်ခွဲသို့ ဝင်ရောက်ကာ တော်လှန်ရေးဆင်နွှဲသည်။ ၁၉၄၆–၄၇ တွင် ကမာရွတ်တိုက်နယ် ပြည်သူ့ရဲဘော်တပ်ဖွဲ့ စည်းရုံးရေးမှူး နှင့် ဖဆပလအဖွဲ့အတွင်းရေးမှူး၊ ၁၉၅၁–၅၂ တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှု ဆောင်နှင့် **စာပေ** မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၆၃–၆၉ တွင် ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်၊ ၁၉၇၆ မှစ၍ လှိုင်မြို့နယ် စစ်ပြန်နှင့် စစ်မှုထမ်းဟောင်းများအသင်း စည်းရုံးရေးမှူး၊ ၁၉၈၀–၈၄ တွင် လှိုင်မြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌ၊ ရုပ်မြင်သံကြားကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။ မော်ကွန်းဝင် ဒုတိယဆင့်ရသည်။

၁၉၄၆ တွင် **အလင်းရောင်** မဂ္ဂဇင်း၌ 'ရွက်ဝါ' အခန်းဆက် ဝတ္ထုရှည်ကို ရေး၍ စာပေနယ်သို့ ဝင်ရောက်သည်။ ချစ်ဝဲလယ် (၁၉၄၆)၊ **ပွင့်ချပ်သုံးလွှာ** (၁၉၄၇)၊ **မေ့ဘူးကွယ်သက်လှယ်ရယ်** (၁၉၄၈) ဝတ္ထုများနှင့် **လမ်းပေါ်မှာ** (၁၉၆၂) (၁၉၆၂ အနုပညာစာပေဝတ္ထုတိုပေါင်းချုပ်ဆုရ စာအုပ်)၊ **တစ်ခါတုန်းက ဒို့ရဲဘော်** (၁၉၆၃) (၁၉၆၃ အနုပညာစာပေ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ စာအုပ်) ဝတ္ထုတိုပေါင်းချုပ်များကို ထုတ်ခဲ့သည်။

၁၉၈၆၊ ဩဂုတ် ၇ တွင် ရန်ကုန်၌ ကွယ်လွန်သည်။ ။

mgyoe.com

mgyoe.com

# မိုးသောက်ပန်းချီ

ကြည်နူးစရာ အဖြစ်အပျက်ကလေးတစ်ခု။

ဘာကြောင့်မှန်းမသိ... ယနေ့ထက်တိုင် သူ့စိတ်ထဲ၌ တိတိကျကျ တစ်ခုမကျန် မှတ်မိနေသေးသည်။ အကြိမ်အခါ မရေတွက်နိုင်တော့အောင် သည်အဖြစ်အပျက်ကလေးကို ပြန်ပြောင်းအောက်မေ့မိသည်။ ထိုအခါတိုင်း၊ ထိုအခါတိုင်း တိမ်မွေ့ပျောက်ကွယ်လုနီးနီး အကြောင်းအရာကလေးတို့သည် အသေးစိတ်၍ ပေါ်ပေါက်လာတတ်လေသည်။

ဝေလီဝေလင်း နံနက်ခင်းတစ်ခုတွင် ဖြစ်လေသည်။ အရှေ့ဘက်ရှိ တောင်တန်းရှည်ကြီးတို့မှာ ပြာမည်းလျက်ရှိပြီးလျှင် ၎င်းတို့၏ နောက်ကျောဘက်တွင် အလင်းရောင်သည် ထွက်ပြူစဖြစ်လေရာ... တောင်စွန်းတောင်စွယ်တို့မှာ အနီရောင်ဖျော့ဖျော့ဖြင့် အနားကွပ်ထားသကဲ့သို့ ရှိလေသည်။ အရှေ့ဘက်တောင်ထိပ်များမှာ အလင်းရောင်သည် မိုးကောင်းကင်သို့ မြင့်လေမြင့်လေ... ဖျော့လေဖျော့လေ ဖြစ်သွားပြီးလျှင် တစ်စတစ်စ ညို၍ ညို၍... မည်း၍ မည်း၍လာခဲ့ရာမှ အနောက်ဘက် မိုးကုတ်စက်ဝိုင်းဆီသို့ ရောက်သောအခါတွင်မူကား ပကတိ ညဥ့်၏အမှောင်ထု

mgyoe.com

mgyoe.com


ဖြင့် လွှမ်းမိုးလျက် သွားတော့သည်။

သိပ်အလွန်အကျွံ မဟုတ်သော်လည်း အတော်ကလေး ချမ်းလေရာ သူသည် လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်များအတွင်း ထည့်သွင်းလိုက်၍ ခါးကိုလည်း ခပ်ကိုင်းကိုင်းထားကာ လျှောက်လာမိလေသည်။ သူ လျှောက်လျက်ရှိသော လယ်ကွက်ကြီးအတွင်းမှ မြေကြီးတို့သည် နံနက်ဝေလီဝေလင်း၏ အညိုရောင်သန်းလျက် ရှိပေသည်။

သို့ လျှောက်ခဲ့စဉ်မှာပင် သူ့ရှေ့တည့်တည့်၌ နွားတင်းကုပ်သာသာ တဲပုတ်ကလေးတစ်ခုအား တွေ့ရလေသည်။

တဲကလေး၏ နံဘေးဝယ် လိမ္မော်ရောင်မီးတောက်ကလေးသည် မီးလင်းဖိုမှ ထိုး၍ ထောင်၍ တက်လျက်ရှိကာ... ထိုမီးတောက်ကလေးမှ တစ်ဖန် အညိုရောင်မီးခိုး အူအူ ကလေးတို့သည် တလူလူ လိပ်၍လိပ်၍ တက်သွားပြန်ပြီးလျှင်... မိုးကောင်းကင်၏ အတော်မြင့်မြင့်နေရာသို့ ရောက်သောအခါ... မြူခိုးကလေးများအထဲ၌ ရောပြန့်၍ ပျောက်ကွယ်သွားကြလေတော့သည်။

မီးလင်းဖို၏ နံဘေးတွင် ဆောင့်ကြောင့်ကလေးထိုင်လျက်ရှိသော မိန်းမတစ်ယောက်ကို သူ တွေ့ရသည်။ ထိုမိန်းမမှာ အမှန်မတော့ ကလေးမကလေးတစ်ဦးသာ ဖြစ်လျက် ဤမြူချမ်းစီးသော နံနက်စောစောအချိန်တွင် သူမသည် ထဘီကိုသာ ရင်ရှားထားလေသည်။

သူသည် တစ်စတစ်စ ရှေ့သို့တိုး၍ လျှောက်ခဲ့သောအခါတွင် မိန်းမရွယ်၏ ရင်ခွင်အတွင်း၌ အအေးဒဏ်မှ သက်သာရာရစေရန် ကိုယ်ကလေးကိုကွေး၍ နို့စို့လျက်ရှိသော ကလေးငယ်ကိုပါ တွေ့ရလေသည်။ မိခင်မိန်းမရွယ်မှာကား မီးအရှိန်မလျော့စေရန် သစ်ကိုင်းချောက်ကလေးများကို အဆက်မပြတ် မီးတောက်အထဲသို့ ထိုးသွင်းလျက်ရှိရာမှ မီးဖိုပေါ်မှ မြေအိုးကလေးကို စူးစိုက်ကြည့်ရှုနေလေသည်။ ကလေးငယ်မှာ

mgyoe.com

mgyoe.com



လည်း နို့ကိုသာ အစဉ်မပြတ် စို့လျက်ရှိလေ၏။ သို့ရာတွင် သူသည် မိခင်၏အလုပ်ဒွိမှုကား... အနည်းငယ်မျှ အနှောင့်အယှက်ပေးခြင်း မရှိဘဲ ငြိမ်သက်စွာပင် ကွေးလျက်ရှိလေသည်။

မိခင်မိန်းမရွယ်၏ ပြုမူလှုပ်ရှားမှုများမှာ ပေါ့ပါးဖျတ်လတ်ပြီးလျှင် ကျင့်သားရပြီး ဖြစ်နေကြောင်းကို ဖော်ပြလေသည်။ မီးလင်းဖိုအတွင်းမှ လိမ္မော်ရောင်မီးတောက် မီးလျှံကလေးတို့မှာကား နံဘေးနားရှိ တဲပုတ်ကလေးအပေါ်တွင် ဟပ်ကာ တယိမ်းယိမ်းတနွဲ့နွဲ့ ကလျက်ရှိလေသည်။

သူသည် နီးသထက်နီးလာပြီးလျှင် အရသာ အင်မတန်ရှိမည်ဟု အောက်မေ့လောက်သော ပူနွေးနွေး ထမင်းနံ့ကို ရှူရှိုက်မိလေသည်။ ထိုအချိန်တွင် အရှေ့ဘက်တွင်ကား အလင်းရောင်သည် လျှင်မြန်သော အဟုန်ဖြင့် ထွန်းလင်းစပြုလာလေပြီ။ သူသည် မိန်းမရွယ်အနီးသို့ ရောက်သွား၍ မီးဖိုအနီး၌ ရပ်လိုက်မိလေသည်။

ထိုအခိုက်မှာပင် တဲပုတ်ငယ်ကလေးအတွင်းမှ လူရွယ်တစ်ယောက် ထွက်လာပြီးလျှင် သူ့နောက်မှ ရှေ့ဆင့်နောက်ဆင့် လူကြီးတစ်ယောက် ပါလာပြန်လေသည်။ သူတို့နှစ်ယောက်စလုံး အင်္ကျီမပါ၊ လုံချည်ကိုသာ ခပ်တိုတို ဝတ်ထားကြလေသည်။ သူတို့နှစ်ယောက်၏ မျက်နှာများကား ခပ်ဆင်ဆင်တူကြလေသည်။ သူတို့နှစ်ယောက်စလုံး ပင် တဲပေါက်ဝမှနေ၍ အရှေ့ဘက် လင်းရောင်ခြည်ဝိုးဝါးဝါးကို ငြိမ်သက်စွာ ရပ်ကြည့်နေကြရာမှ "ဝါး" ခနဲ သမ်းဝေလိုက်ကြလေ၏။ ထိုနောက်မှ သူတို့သည် မီးဖိုဆီသို့ လှည့်ကြည့်ရင်း ဧည့်သည်လူရွယ်အား သတိပြုလိုက်ကြလေသည်။

"စောစောစီးစီး... ဆရာလေး ဘယ်ကလာသလဲ" ဟု လူကြီးက မေးလိုက်လေသည်။ သူ့အသံမှာ ဖော်ရွေလှပုံလည်း မပြ၊ ရိုင်းပြဟန်လည်း မရ။

mgyoe.com

mgyoe.com


"ရွာက လာတာပဲ... ဒီဘက်မရောက်ဘူးလို့ သက်သက် လျှောက်လာတာပါ" ဟု ကုတ်အင်္ကျီ၊ သိုးမွေးဦးထုပ်၊ မာဖလာ စသည်တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားသော ညှော်သည်လူရွယ်က ယဉ်ကျေးစွာ ဖြေလိုက်လေ၏။

လူကြီးနှင့် သူ့ထက်ငယ် လူရွယ်တို့သည် မီးဖိုအနားသို့ လျှောက်လာကြ၍ မီးလှုံကြလေသည်။ မိန်းမရွယ်မှာကား သူ့အလုပ်ကိုသာ လုပ်မြဲလုပ်လျက် မီးဖိုပေါ်မှ မြေအိုးတွင်သာ စိတ်ဝင်စားလျက် ရှိလေသည်။ သူမ၏ ဖွာတာတာဆံစမှာ မျက်နှာပေါ်၌ အနှောင့်အယှက်ကင်းလွတ်စေရန် ကြိုးစတစ်ခုဖြင့် စုပြုံချည်နှောင်ထားလေရာ အလုပ်လုပ်နေစဉ် အခါများ၌ လည်ကုပ်ပေါ်တွင် ဖွာရရာ ဝဲလျက်ရှိလေသည်။ အတန်ကြာသောအခါ သူမသည် မီးဖိုပေါ်မှ မြေအိုးကို လက်နှီးစုတ်ဖြင့် ချလျက် ဒန်ဇလုံတစ်ခုတွင်းသို့ ထမင်းရည်ကို ငှဲ့နေသည်။ ထို့နောက် ထမင်းအိုးကို မီးကျည်းပေါ်တွင် ပြန်နှပ်ထားလိုက်ရာမှ ထမင်းရည်ဇလုံထဲသို့ ဆားအနည်းငယ်ထည့်လိုက်ပြီးလျှင် မွှေနေလေသည်။ ဇလုံတွင်း ထမင်းရည်သည် မွှေးကြိုင်စွာ ပျံ့နှံ့သွားသောအခါတွင် ယောကျ်ားနှစ်ယောက်စလုံး အားရပါးရ ရှူရှိုက်လိုက်ကြပြီးလျှင် "ဆာလိုက်တာ..." ဟု အိမ်ရှင်လူရွယ်က ဆာလောင်မွတ်သိပ်သော အသံကြီးနှင့် ဆိုလိုက်လေသည်။ လူကြီးဖြစ်သူကမူ...

"ဆရာလေးတို့ကတော့... မနက်စောစော ကော်ဖီသောက်ကြမှာပေါ့နော်" ဟု ပြောလိုက်လေသည်။

"ဟုတ်ကဲ့... ဒါပေမဲ့ ဦးကြီးရာ ဒီရွာရောက်တော့ မသောက်ပါဘူး"

"ဒါဖြင့်ရင်... ကျုပ်တို့နဲ့ ထမင်းရည်ကလေး အဆာပြေ သောက်သွားပါလားဗျာ"

လူကြီးက "ငါပြောတာ ကြိုက်မှ ကြိုက်ပါ့မလား" ဟူသော ဟန်

mgyoe.com

mgyoe.com



မျိုးဖြင့် လောကွတ်ပြုလိုက်သောကြောင့် ဩည့်သည်လူရွယ်လည်း ဝမ်းမြောက်စွာပင် "ဟာ... သောက်တာပေါ့ ဦးကြီးရာ... ကောင်းမှာပဲ"

"ဟော့ မယ်မှုံ... တစ်ခွက် ပို့ငှဲ့လိုက်ပါကွယ်" ဟု အိမ်သည်လူရွယ်က မိန်းမရွယ်အား အမိန့်ပေးလိုက်လေသည်။ ထို့နောက် သူတို့လေးယောက်သား မီးဖိုတစ်ဝိုက်၌ပင် ဝိုင်းဖွဲ့၍ ဆောင့်ကြောင့်ထိုင်လိုက်ကြရာက မိန်းမရွယ် ငှဲ့ပေးသော ထမင်းရည်ပူပူနွေးနွေးကို စတင်မြည်းမိကြလေ၏။

"ဦးကြီးတို့ လယ်လုပ်ကြတာပေါ့နော်" ဟု ဧည့်သည်လူရွယ်က မေးလိုက်သည်။

"ဟုတ်ကဲ့... လယ်သမား... လယ်ပဲ လုပ်တတ်တာပေါ့"

"ကျုပ်တို့ ကနေ့ပဲ... လယ်စထွန်ကြမလို့" ဟု အိမ်ရှင်လူရွယ်က ဝင်ထောက်လိုက်သည်။

ထိုအခါ စကားတစ်ခွန်းမျှ မပြောဘဲနေခဲ့သော မိန်းမရွယ်က "ဒါကြောင့် အဘနဲ့ ကိုညိုတို့ တမင်တကာ စောစောကြီး ထကြတာပေါ့" ဟု ပြုံးပြုံးကလေး ဝင်ပြောလိုက်လေ၏။ ထိုအခါ လူကြီးနှင့် လူရွယ်တို့သည် သူတို့လက်ထဲမှ ထမင်းရည်ပန်းကန်များကို အမှတ်မထင် ငုံ့ကြည့်လိုက်မိကြလေသည်။

"ဒါမှပဲ... ကျုပ်တို့မိသားတစ်စုတွေ ဝဝလင်လင်ကလေး စားနိုင်ကြတော့ မပေါ့ဗျာ..." ဟု လူကြီးဖြစ်သူက တိုးတိုးကလေး ပြောလိုက်လေ၏။

မိန်းမရွယ်သည် ကလေးကို လက်တစ်ဖက်က ပွေ့ပိုက်လျက်ပင်။ သူ့အဘဆိုသူနှင့် ကိုညိုဆိုသူတို့အား ထမင်းရည်ထပ်ငှဲ့ပေးရာက "ထပ်ထည့်ပါဦးတော်" ဟု စေတနာရှိစွာ ပြောလိုက်ရာ ဧည့်သည်လူရွယ်ကလည်း မငြင်းဆန်ဘဲ ခွက်ထိုးခံလိုက်လေသည်။

mgyoe.com

mgyoe.com


မိန်းမရွယ်၏ ရင်ခွင်တွင်းမှ ကလေးငယ်မှာကား ငြိမ်သက်စွာပင် နို့ချိုစို့လျက်ရှိလေသည်။ သူကလေးမှာ ခေါင်းကလေးကို မိခင်၏နို့အုံနှင့် လက်မောင်းအကြားတွင် အတင်းတိုးခွေ့လျက် အချမ်းဒဏ်မှ အကာ အကွယ် ယူနေရှာလေသည်။ သူကလေး၏ နို့စို့သံမှာ ပြွတ်ခနဲ ပြွတ် ခနဲပင် ပေါ်ထွက်လာတတ်လေသည်။

လူကြီးမှာကား ထမင်းရည်ကို မြိန်ရှက်စွာ သောက်နေလေသည်။ သောက်ရာက...

"အင်း... ထမင်းရည်တောင် တယ် အရသာရှိပါကလား... ဆရာ လေးရယ်" ဟု ကျူးရင့်လိုက်လေသည်။ ထိုအခါ လူရွယ်က... "ဆရာ လေး... တစ်လောက ကျုပ်တို့ဟာ ဒီထမင်းရေကလေးတောင် မသောက် နိုင်ကြဘူးဗျာ" ဟု တိုင်တန်းသလိုလိုနှင့် ပြောလိုက်လေ၏။

သူတို့သည် စကားပြောရင်း သောက်ရင်းနှင့်ပင် သူတို့၏အေး စက်သော ကိုယ်လုံးများမှာ နွေးသလိုလိုရှိလာကြပြီးလျှင် မျက်နှာများတွင် လည်း အားအင်ပြည့်ဖြိုးလာသော အရိပ်အယောင်များ ယှက်သန်း၍ လာလေတော့သည်။

ဒီအချိန်တွင် လင်းရောင်ခြည်ဝယ် ရောင်စုံများ မြူးကွန့်လာလေ ပြီ။ နီကြင့်ကြင့်အရောင်သည်. လောကဓာတ်ကိုပိုမို၍ အေးလာစေ သယောင်ယောင် ထင်ရလေသည်။ အိမ်ရှင်ယောကျ်ားနှစ်ယောက်တို့ ကား အရှေ့ဘက်သို့ မျက်နှာများ မူလိုက်ကြလေရာ...၊ သူတို့မျက်နှာများ မှာ နံနက်ခင်း လင်းရောင်ခြည်ဖြင့် တောက်ပ၍သွားလေသည်။ ဧည့် သည်လူရွယ်လည်း သူတို့မျက်နှာမူရာဘက်သို့ ကြည့်လိုက်ရာ ရောင် ခြည်တွင် လှပစွာ ရပ်တည်လျက်ရှိသော တောင်တန်းကြီးကို မြင်ရ၍ အိမ်ရှင်လူကြီး၏ မျက်နှာကို ကြည့်လိုက်မိပြန်သော အခါတွင်မူကား ကြည်လင်ဝိုင်းစက်သော မျက်လုံးများတွင် နေရောင်ခြည်ဟပ်လျက်ရှိ

mgyoe.com

mgyoe.com


ကြောင်းကို တွေ့ရလေသည်။

ထိုအခိုက်တွင် အိမ်ရှင်ယောက်ျားနှစ်ယောက်တို့သည် လက်များကို အညောင်းဆန့်တန်းဟန် ပြုလိုက်ကြရာမှ "ကဲ... ငါတို့လည်း အလုပ်သွားကြဖို့ တော်ပြီ" ဟု ပြောလိုက်ကြလေသည်။ လူရွယ်သည် ဧည့်သည်ဘက်သို့ လှည့်လိုက်၍...

"ဆရာလေးကော... ကျုပ်တို့ လယ်ထွန်တာ လိုက်ကြည့်ဦးမလား" ဟု မေးလိုက်လေသည်။

"ဟင့်အင်း... ကျွန်တော် ရွာကို ပြန်လိုက်ပါဦးမယ်၊ ခင်ဗျားတို့နဲ့ ပျော်ပျော်ပါးပါး စားရသောက်ရတာ သိပ်ဝမ်းသာတာပဲဗျာ...၊ ကျေးဇူးတင်လိုက်တာ... နောက်များမှ လာခဲ့ဦးမယ်"

အိမ်ရှင်လူကြီးသည် "ကျေးဇူးတင်စရာ မလိုပါဘူး" ဟူသော အဓိပ္ပာယ်မျိုးဖြင့် လက်ကြီးကို ရမ်းခါလိုက်ပြီးလျှင် "ဘယ်တော့မဆို လာသာလာခဲ့ပါဗျာ... ကျုပ်တို့စားသလို... ဆရာလေးတို့ စားရသောက်ရမှာပဲ" ဟု ပြောလိုက်လေသည်။

ထိုနောက် သားအဖနှင့် တူပုံရသော သူတို့နှစ်ယောက်သည် လယ်ကွင်းကြီးဆီသို့ သွားကြ၍ နွားများ၊ ထွန်များကို ပြင်ဆင်နေကြလေတော့သည်။ အရှေ့ဘက် ကောင်းကင်လဟာပြင်တွင်မူကား အလင်းရောင်သည် အတန့်အတန့် အကန့်အကန့် ဖြာဆင်းလျက်ရှိကာ အဆုံးအစ မမျှော်မှန်းနိုင်သော လယ်ကွင်းပြင်ကြီးတို့အား တလက်လက် တောက်ပစေလေတော့သည်။

ဧည့်သည်လူရွယ်လည်း လယ်သမား အိမ်ထောင်သည်တစ်စုနှင့် တကွ တဲပုတ်ကလေးအား တစ်ချက်မျှ လှည့်ကြည့်လျက် ရွာဆီသို့ လျှောက်ခဲ့လေတော့သတည်း။

* * *

mgyoe.com

mgyoe.com


ဒါပဲဖြစ်ပေသည်။ ဘာကြောင့် ဒီလောက် ကြည်နူးစရာကောင်းသည်ဟူသော အချက်ကိုမူ သူသည် နားလည်တော့ နားလည်သည်။ သို့ဖြစ်၍ ယနေ့ထက်တိုင် သူ့စိတ်ထဲ၌ တိတိကျကျ တစ်ခုမကျန် မှတ်မိနေသေးသည်။ အကြိမ်အခါ မရေတွက်နိုင်တော့အောင် သည်အဖြစ်အပျက်ကလေးကို ပြန်ပြောင်းအောက်မေ့မိသည်။ ထိုအခါတိုင်း၊ ထိုအခါတိုင်း တိမ်မြုပ်မေ့ပျောက်ကွယ်လုနီးနီး အကြောင်းအရာကလေးတို့သည် အသေးစိတ်၍ စိတ်၍ ပေါ်ပေါက်လာတတ်ပေသည်။

ကြည်နူးစရာ... အဖြစ်အပျက်ကလေးတစ်ခု...။

ရှမဝ၊ ဇူလိုင်၊ ၁၉၄၈။

◆

mgyoe.com

mgyoe.com

# ဗျို့ ဆိုက်ကားဆရာ

မွန်းလွဲ နေပူရှိန်သည် မီးအဟပ်ခံရဘိသကဲ့သို့ ပူပြင်းလှပြီးလျှင် ကတ္တရာစေး လမ်းမကြီးပင်လျှင် အရည်ပျော်ကျတော့မယောင် ထင်မှတ်ရ၏။

ဗာဒံပင်ရိပ်အောက်တွင် ထိုးထားသည့် ဆိုက်ကားပေါ်၌ ထိုင်နေသော ဆိုက်ကားဆရာ ကိုစိန်လင်းသည် သူ့အနားရှိ ပလက်ဖောင်း သတင်းစာသည် တစ်ဦးထံမှ သတင်းစာတစ်စောင်ကိုငှား၍ စိတ်ဝင်စားစွာ ကြည့်ရှုနေမိ၏။ ထိုစဉ် ခေါင်းပေါ်မှ ငှက်တစ်ကောင် အတောင်ပံခတ်သံနှင့်အတူ ငှက်ချေးများသည် ပြောင်လက်နေအောင် ပွတ်တိုက်ထားသည့် ဆိုက်ကားလက်ကိုင်တန်းပေါ်သို့ ဖတ်ခနဲ ကျလာ၏။ သူ၏ အသက်မွေးဝမ်းကျောင်း ပစ္စည်းတစ်ခုအဖြစ်နှင့် တယုတယထားသော ဆိုက်ကားကို ညစ်ပေအောင်လုပ်လိုက်သည့် ငှက်ကို ကိုစိန်လင်းက ရုတ်တရက် စိတ်ဆိုးသွားမိသည်။

သူသည် ဒေါသတကြီး တောက်တစ်ချက်ခေါက်လိုက်ကာ လမ်းနံဘေးမှ ကျောက်ခဲတစ်လုံးကို ကောက်၍ ခေါင်းပေါ်မှ ငှက်ယုတ်မာကို ပေါက်ရန် ရွယ်လိုက်၏။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



"ကား... ကား... ကား"

ခေါင်းထက်ရှိ ဗာဒံကိုင်းတစ်ခုပေါ်တွင် နှုတ်သီးကလေးဖြဲ၍ တစာစာအော်နေသော ကျီးကန်းအာနီကလေးတစ်ကောင်ကို တွေ့လိုက်ရသော အခါ၌ကား ကိုစိန်လင်းအဖို့ ဒေါသများ တစ်မုဟုတ်ချင်း ပြေသွားကာ လက်ထဲမှ ကျောက်ခဲကို ပြန်လွှတ်ချလိုက်မိ၏။

"သြော်... ကျီးကန်းပေါက်စကလေးကို" ဟုစာနာသနားသော အသံဖြင့် ပြောလိုက်ရင်း ကိုစိန်လင်းသည် ဆိုက်ကားပေါ်တွင် ပြန်ထိုင်လိုက်ပြီး သတင်းစာကို ဆက်ကြည့်နေမိပြန်သည်။ သူ စိတ်ဝင်စားနေသည်ကား သတင်းဓာတ်ပုံတစ်ပုံ ဖြစ်၏။ ကျောင်းသူကျောင်းသားကလေးတစ်သိုက် စာမေးပွဲဖြေနေကြသည့် ဓာတ်ပုံပင်တည်း။

နေ့ချင်း ညချင်း မွေးလာတော့မည့် သူ့ရင်သွေးကလေးသည်လည်း တစ်နေ့သောအခါတွင် ဤဓာတ်ပုံထဲက ကလေးများလိုပင် ခေတ်ပညာကို သင်ကြားကာ စာမေးပွဲများကို ဖြေရပေလိမ့်မည်။ ကိုစိန်လင်း၏ အတွေးစိတ်ကူးတို့သည် အိမ်၌ မွေးဖွားလုဆဲဆဲ မယားဖြစ်သူထံသို့ ဗြုန်းခနဲ ရောက်ရှိသွားတော့၏။ သူ့မယား မငွေရင်သည် ကိုယ်ဝန်နေ့စေ့လစေ့ကြီးနှင့်ဖြစ်ရာ အချိန်မရွေး နေ့ချင်းညချင်း မွေးတော့မည် ဖြစ်သည်။ မူလက ဆေးရုံသို့တက်၍ မီးဖွားစေမည်ဟု ရည်မှန်းထားခဲ့သော်လည်း ယခုတော့ အရပ်ထဲက ဝမ်းဆွဲသည်မကြီး ဒေါ်ခနှင့်ပင် မွေးရပေတော့မည်။

သားဦးလေးမို့ ဆေးရုံတွင် မွေးဖွားက ပို၍စိတ်ချရမှန်း နားလည်ထားသည့်ကြားက အခြေအနေအရပ်ရပ်ကြောင့် ဆေးရုံသို့ မတက်ဖြစ်တော့ပေ။ သာကေတမှနေပြီး ဒပ်ဖရင်ဆေးရုံကြီးသို့ သွားရေးလာရေးမှာလည်း အစစအရာရာ မလွယ်ကူလှ။ ပြီးတော့ မငွေရင်ကိုယ်တိုင်ကလည်း ဆေးရုံတက်မွေးရမှာကို အသေအလဲ ကြောက်နေသည်။

mgyoe.com

mgyoe.com


နောက်ဆုံးမတော့ ဆင်းရဲသားတို့လက်စွဲ ဝါရင့်ဝမ်းဆွဲသည်မကြီးတစ်ယောက်ပင် ဖြစ်သော ဒေါ်ခကြီးထံသို့ပင် အပ်နှင်းခဲ့ရလေ၏။

ကိုစိန်လင်း ဆိုက်ကားထိုးသောနေရာနှင့် မနီးမဝေးတွင် ဆေးကောလိပ်ကျောင်းသားများ၏ ဆော်ဒါဆောင်ရှိနေရာ ထိုဆော်ဒါဆောင်မှ ဆေးကျောင်းသားကို သူသည် ယခုတစ်လော အထူးပင် စိတ်ဝင်စားခဲ့မိသည်။ မငွေရင်၏ ကိုယ်ဝန်ရင့်လာသည့် အချိန်ကစ၍ပင် ဆိုကြပါစို့...။

ကိုစိန်လင်းအဖို့ မိမိတို့ ပထမဆုံးကလေးမှာ သားဦးကလေးပင်ဖြစ်ရမည်ဟု တထစ်ချ ယုံကြည်ထားမိသည်။ ထိုယုံကြည်ချက်ကို နှလုံးပိုက်ထားရာက သူသည် မမွေးသေးသော သားကလေး၏ရှေ့ရေးကိုတွေး၍ စိတ်ကူးယဉ်ကြည့်မိစမြဲ ဖြစ်သည်။ သည်လို စိတ်ကူးယဉ်မိရင်းကလည်း သူ့အနေနှင့် သန္နိဋ္ဌာန်တစ်ခု ချမှတ်ထားခဲ့၏။ ထိုသန္နိဋ္ဌာန်ကား အခြားမဟုတ်၊ ယခုမွေးလာမည့် သားဦးကလေးသည် သူ့လိုပညာမဲ့ ဖိုးသုညနလပိန်းတုံးကြီးမျိုး မဖြစ်စေရ။ ခေတ်ပညာကို သူများနည်းတူ တတ်မြောက်စေရမည် ဟူ၍ ဖြစ်၏။ ထို့ကြောင့်လည်း လည်ပင်းတွင် နက်တိုင်လည်စည်းရှည်ရှည်ကလေးတွေ ဆွဲလျက် ဘောင်းဘီရှည်ကို စမတ်ကျကျဝတ်ကာ လက်ထဲတွင် စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် သူ့ရှေ့မှ ဖြတ်သန်းသွားလာတတ်ကြသော ဆေးကောလိပ်ကျောင်းသားတွေကို သူသည် အထူးပင် စိတ်ဝင်စားခဲ့မိခြင်း ဖြစ်သည်။ သူ့သားဦးကြီးသည်လည်း အရွယ်ရောက်ကြီးပြင်းလာသည့် တစ်နေ့တွင် ဆေးကောလိပ်ကျောင်းသားတစ်ဦး ဖြစ်မလာဟု မည်သူ ပြောနိုင်ပါမည်နည်း။

"ဗျို့... ဆိုက်ကားဆရာ၊ ဆိုက်ကား အားတယ်နော်"

သူ့ဘေးနားမှကပ်၍ မေးလိုက်သော အသံတစ်ခုက ကိုစိန်လင်း၏ စိတ်ကူးယဉ်မှုကို ဖြတ်တောက်ပစ်လိုက်၏။

mgyoe.com

mgyoe.com


"ဟာ... အားပါတယ် ဆရာလေး၊ အားပါတယ်။ ဘယ်သွားမလဲ ဆရာလေး" ဟု ကပျာကယာ ပြန်ဖြေရင်း ဆိုက်ကားစီးမည့်သူကို အကဲခတ်ကြည့်လိုက်မိသည်။ နက်တိုင်လည်စည်း၊ တက်ထရွန်ရှပ်နှင့် ဘောင်းဘီရှည်တို့ကို စတိုင်ကျကျ ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ကိုစိန်လင်း၏စိတ်ထဲတွင် အားရကျေနပ်သွားမိ၏။ အင်း... အခုလေးတင်ပဲ ဆေးကျောင်းသားတွေအကြောင်း စဉ်းစားနေမိတုန်း ရှိသေး၊ ဆေးကျောင်းသားတစ်ယောက်က ဆိုက်ကား လာငှားနေပါပကော၊ အေး... မင့်ဆီကရတဲ့ ပိုက်ဆံဟာ ငါ့သားကလေးကြီးလာရင် မင်းတို့လိုဖြစ်အောင် အထောက်အပံ့ပဲပေါ့ ကွာ ဟု တွေးလိုက်မိလေသည်။

"ချစ်တီးထမင်းဆိုင်တစ်ဆိုင်ကို ခပ်မြန်မြန်နင်းစမ်းဗျာ၊ တကတဲ ဆာလိုက်တာလွန်ရော"

ဆေးကျောင်းသားလူရွယ်က ဆိုက်ကားရှေ့ထိုင်ခုံတွင် အခန့်သား တက်ထိုင်ရင်း ညည်းညည်းညူညူ ပြောလိုက်သောကြောင့် ကိုစိန်လင်း၏ ရင်ထဲ၌ ဩော်... သူ့ခမျာ စာသင်ရလွန်းလို့ နံနက်စာစားဖို့တောင် မေ့နေတယ်ထင်ပါရဲ့ ဟု အသနားပိုသွားမိသေး၏။ ထို့ကြောင့်လည်း ကိုစိန်လင်းသည် ဆိုက်ကားကို အားစိုက်၍ နင်းခဲ့မိလေသည်။ ပေတစ်ရာလမ်းမကြီးတစ်လျှောက် သုံးဘီးကား၊ ဘတ်စ်ကား၊ ဟီးနိုးကား၊ ကိုယ်ပိုင် ကားတွေ အကြားမှ ကျင်လည်စွာ ရှောင်ရင်းတိမ်းရင်း နင်းခဲ့ရာက...

"ဆရာလေးတို့ ဆရာဝန်ကြီးဖြစ်အောင် ဘယ်လောက်ကြာကြာ သင်ရမလဲ။ အဲဒီဆရာဝန်ကြီးဖြစ်တဲ့အထိ ဘယ်လောက်ကုန်သလဲဗျ" ဟု သိချင်ဇောဖြင့် မေးလိုက်မိ၏။

"ခုနစ်နှစ် သင်ရတယ်။ ငွေတစ်သောင်းကျော် ကုန်မယ်"

mgyoe.com

mgyoe.com


"အမယ်လေး... အကြာကြီးပါပဲလား။ ငွေကလည်း မနည်းပါလား" ဟုသာ တအံ့တသြ ပြောလိုက်မိရင်း ကိုစိန်လင်းသည် ဆိုက်ကားကိုသာ အားသွန်၍ နင်းခဲ့လေသည်။ သူ့စိတ်ထဲ၌ ဒီဆေးကျောင်းသားလေးတော့ ဆာရော့မယ် ဟု စေတနာပိုလျက်ရှိ၏။

သူသည် ဆိုက်ကားမသွားရသော လမ်းများကို ရှောင်၍ လမ်းကြို လမ်းကြားတို့မှ တစ်လမ်းဝင် တစ်လမ်းထွက်နှင့် ဖြတ်သန်းကာ ချစ်တီးထမင်းဆိုင်များရှိရာ လမ်းမကြီးသို့ နင်းခဲ့လေသည်။ ချစ်တီးထမင်းဆိုင်တစ်ဆိုင်ရှေ့ ဆိုက်ကားထိုးရပ်လိုက်သည့် အချိန်တွင် ကိုစိန်လင်းမှာ ချွေးပြိုက်ပြိုက်ကျလျက် ရှိပေပြီ။

"ကဲ... ဆိုက်ကားဆရာ၊ ကျွန်တော် ထမင်းဝင်စားနေတုန်း ခဏစောင့်နော်" ဟု ဆေးကျောင်းသားက အမိန့်ပေးလိုက်သောကြောင့် "ကောင်းပါပြီ ဆရာ" ဟုပြောရင်း နဖူးမှ ချွေးသီးချွေးပေါက်များကို မျက်နှာသုတ်ပဝါညစ်ညစ်နှင့် သုတ်လိုက်မိ၏။ စိတ်ထဲ၌လည်း ငါ့သားလေးကို ဆရာဝန်ဖြစ်အောင် သင်မယ်ဆိုရင် ငွေတစ်သောင်းကျော်ကုန်ပြီး ခုနစ်နှစ်ကြာမှာပါကလားဟု စဉ်းစားနေမိရာက ခုနစ်နှစ်ကို ငွေတစ်သောင်းဆိုလျှင် တစ်နှစ်ကို ထောင့်လေးရာကျော်ကုန်မည်။ တစ်လလျှင် ငွေတစ်ရာကျော်ကုန်မည်။ တစ်လကို ငွေတစ်ရာ ငါ ဘယ်လိုများ ရှာရပါလိမ့် စသည်ဖြင့် နောင်ရေးကို တွေးတော ပူပန်နေမိရှာတော့သည်။

ကိုစိန်လင်းသည် မည်မျှကြာအောင် အစဉ်းစားလွန်နေမိသည်မသိ၊ အတော်ကြီး ကြာသွားတော့မှ ဆေးကျောင်းသားကလေး ထမင်းဝင်စားသည်မှာ ကြာလှချည့်ကလားဟု ဆတ်ခနဲ သတိရတော့၏။ ကြာဆို နေတောင် တော်တော်စောင်းသွားခဲ့လေပြီ။ ထမင်းစားတာ ဒီလောက်တော့ မကြာသင့်ပေ။ မိတ်ဆွေသူငယ်ချင်းများနှင့်တွေ့၍ ဝိုင်းဖွဲ့စကားပြောနေဟန်တူသည်။ မိမိမှာလည်း မယားဖြစ်သူ မွေးခါနီး ဖွားခါနီး

mgyoe.com

mgyoe.com



အချိန်တွင် အခါတိုင်းနေ့တွေထွက် ငွေပိုရဖို့လိုပေသည်။ ဒီကျောင်းသားကလေးကို ထိုင်စောင့်ရင်း အချိန်ဖြုန်းတီးနေ၍ မဖြစ်။ သူ ဆက်သွားလျှင်လည်းသွား၊ မသွားလျှင်လည်း သည်နေရာထိ ဆိုက်ကားခကို တောင်းရပေလိမ့်မည်။

ကိုစိန်လင်းသည် ဆိုက်ကားကိုထားခဲ့ပြီး ချစ်တီးထမင်းဆိုင်ထဲသို့ အရဲစွန့်၍ ဝင်ကြည့်လိုက်၏။ ဆိုင်တစ်ဆိုင်လုံး နံ့အောင်ရှာဖွေသော်လည်း သူ့ဆိုက်ကားစီးလာသည့် ဆေးကျောင်းသားလူရွယ်ကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။ ထမင်းဆိုင်ကကုလားတွေကို မေးကြည့်မိရာတွင် နက်တိုင်လည်စီး၊ ဘောင်းဘီရှည်နှင့် လူရွယ်တစ်ယောက်ခပ်စောစောကပင် ဆိုင်ဘေးပေါက်မှ ထွက်သွားပြီဖြစ်ကြောင်း သိရလေတော့၏။

ကိုစိန်လင်းခမျာ ထိုဆေးကောလိပ်ကျောင်းသားအပေါ်တွင် စောစောက အထင်ကြီး လေးစားခဲ့လေသမျှ ဒေါသခြောင်းခြောင်း ထွက်မိလေသည်။ ကြည့်စမ်းပါဦး၊ ငွေတစ်သောင်းကျော် အကုန်ခံပြီး ခုနစ်နှစ်ကြာအောင် သင်မယ့်လူက ငွေကလေး တစ်ကျပ်၊ ငါးမူးအတွက် လိမ်သွားရတယ်လို့၊ ကိုယ့်ကိုယ်ကိုယ် ငါးမူးမတန်အောင်လုပ်တဲ့ ခွေးသားကလေးဟု စဉ်းစားမိရင်းကလည်း ထိုဆေးကျောင်းသားအတွက် အလကားနေရင်း ဝမ်းနည်းသလိုလို ဖြစ်လာမိ၏။

“တော်ပြီ... တော်ပြီ၊ ငါ တစ်လ တစ်ရာကျော် ရှာနိုင်တောင်မှ ငါ့သားလေးကို ဆေးကျောင်းသား မလုပ်ခိုင်းတော့ဘူး။ ဒီလိုကောင်မျိုးတွေနဲ့ ပေါင်းမိရင် ငါ့သားတောင် ပျက်စီးလိမ့်ဦးမယ်။ ငါ့သား မကြီးကျယ်ချင်ရင် နေပေစေ၊ အပျက်စီးတော့ မခံဘူး” ဟု ပါးစပ်ကပင် ထုတ်ဖော်ရေရွတ်လိုက်ပြီးနောက် ဆိုက်ကားကို ဒေါသနှင့် ဆောင့်နင်း၍ ထွက်ခဲ့မိလေသည်။

mgyoe.com

mgyoe.com


ဆိုက်ကားစတင်းသို့ ပြန်ရောက်ခဲ့သည့်အချိန်တိုင်အောင် ဒေါသစိတ် မပြေသေးသော်လည်း သူ အလှည့်အပတ်ခံခဲ့ရကြောင်းကိုတော့ အခြားဆိုက်ကားသမား အဖော်များကို ပြန်မပြောဝံ့ရှာဘဲ တစ်ယောက်တည်း ကျိတ်၍သာ ခံစားနေမိ၏။ ဒီကနေ့ ဝင်ငွေနည်းရသည့်အထဲ ဒိုင်နဲ့ကလေးက အချိန်တွေကုန်အောင် လိမ်သွားရသေးသည်။ မသကာ အလကား လိုက်ပို့ပါဆိုလျှင် ပို့ရမပေါ့။ ခုတော့ မနက်မိုးမလင်းမီကတည်းက ထွက်လာပါလျက်နှင့် ယခု ညနေစောင်းတော့မည့် အချိန်အထိ ငွေ နှစ်ကျပ်နှင့် အကြွေ အနည်းငယ်မျှသာ ရသေးသည်။ မငွေရင် မွေးဖွားပြီးလျှင် ဝမ်းဆွဲသည်မကြီးဒေါ်ခအား အနည်းဆုံး ၁၅–၂၀ လောက်တော့ ကန်တော့မှ ကောင်းပေမည်။ သို့သော် ငွေ ၂၀ လောက် ရှာဖို့ဆိုသည်မှာ ယခုခေတ် ဆိုက်ကားနင်းစားနေရသူအတွက် လွယ်ကူလှသော အလုပ်မဟုတ်ပေ။ ယခင်က တစ်နေကုန် ဆိုက်ကားနင်းလျှင် ငွေ တစ်ဆယ်၊ ဆယ့်ငါးကျပ်အထိပင် ရနိုင်ခဲ့သော်လည်း ယခုလို သုံးဘီးကားတွေ မှိုလိုပေါက်နေသည့် အခါမျိုးတွင်ကား မိုးမလင်းမီက သန်းခေါင်ကျော်အထိ နင်းလျှင်ပင် ငွေ ရှစ်ကျပ်၊ ကိုးကျပ်ရဖို့ မနည်းကြီး ခဲယဉ်းလှ၏။ ယနေ့လို ကံဆိုးသောနေ့မျိုးတွင်ကား ငွေ သုံးလေးငါးကျပ်လောက် ရဖို့ကိုပင် အနိုင်နိုင် ကြိုးစားရပေတော့မည်။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ ခါတိုင်းနေ့တွေထက် ဆိုက်ကားနင်းခရအောင် ကြိုးစားရပေလိမ့်မည်။

ကိုစိန်လင်းသည် ဤသို့ ကြုံးဝါးထားသည့်ကြားထဲပင်၊ နောက်ထပ် ငါးမူးလမ်းတစ်ယောက်နှင့် တစ်မတ်လမ်းတစ်ယောက် ပတ်စင်ဂျာနှစ်ယောက်ကိုသာ လိုက်ပို့ရပြီးနောက် သူ့ဆိုက်သားနှင့်သူ ဆိုက်ကားစတင်း၌ ငုတ်တုတ်ကြီးသာ ထိုင်နေရတော့သည်။ နေဝင်ရီတရော အချိန်အထိ သူ့လက်ထဲတွင် ငွေသုံးကျပ်မျှသာ ရသေး၏။

mgyoe.com

mgyoe.com



"ဗျို့... ဆိုက်ကားဆရာ၊ လိုက်ပို့နိုင်မလား" ဟူသော အသံကို ကြားလိုက်ရသဖြင့် ဝမ်းသာအားရ မော်ကြည့်လိုက်မိရာ အပေါ်အင်္ကျီ ဘန်ကောက်လုံချည်နှင့် အသက် ၄၀ ကျော်ရွယ်ရှိ မွန်မွန်ရည်ရည် လူကြီး တစ်ယောက်ကို တွေ့ရ၏။ ထိုလူကြီး၏ မျက်နှာမှာ ပြုံးစနဲ့နဲ့ အမူအရာ ရှိလေသည်။

"လိုက်ပို့ပါ့မယ် ဦးလေး၊ ဘယ်ကိုလိုက်ပို့ရမှာလဲ ခင်ဗျာ" ဟု ကိုစိန်လင်းက ပျာပျာသလဲ မေးလိုက်၏။

"ဟဲ ဟဲ... ဘယ်ကိုပို့ရမလဲဆို၊ မင်းတို့က အသိဆုံးနေမှာပဲ၊ ကောင်းကောင်း သန့်သန့်ကလေးတွေ ရှိတဲ့နေရာပေါ့ကွာ။ ကောင်းတဲ့ နေရာကိုသာ ပို့ပေးစမ်းပါ၊ မင်းကို ဦးလေး ငွေ ငါးကျပ် သပ်သပ်ပေး မယ်။ ဟဲ... ဟဲ၊ ဘယ့်နှယ်လဲ ရမယ်မဟုတ်လား"

ဆိုက်ကားလာငှားသည့် လူကြီးက ပြုံးဖြဲဖြဲကြီးနှင့် အငမ်းမရ မေးနေလေ၏။ လူကြီးသည် ထိုမျှပြောရုံနှင့်ပင် အားမရသေးဘဲ ကိုစိန် လင်း၏ နားနားသို့ကပ်၍ မကြားဝံ့မနာသာ စကားတွေကို ပြောနေပြန် ၏။ ထိုလူကြီး၏ပါးစပ်မှ အရက်နံ့နှင့် ပါးစပ်မှ စကားတွေကြောင့် ကိုစိန်လင်းမှာ ဆိုက်ကားပေါ်မှဆင်း၍ နောက်သို့ ဆုတ်ပေးမိလေ၏။

"အဲဒါမျိုးလေးဆီသာ ပို့ပေးစမ်းကွာ၊ ငါးကျပ်မဟုတ်ဘူး၊ ဦးလေး က တစ်ဆယ်ပေးမယ်၊ တစ်ဆယ်ပေးမယ်"

လူကြီးက ကတိတွေ ပေးနေပြန်သည်။

ကိုစိန်လင်းအဖို့ ဤစကားမျိုးတွေ ကြားခဲ့ရပေါင်းများလေပြီ။ ဤလူမျိုးတွေကိုလည်း ဤနေရာမျိုးတွေသို့ အခါပေါင်းများစွာ လိုက်ပို့ ခဲ့ရဖူးပါပြီ။ ဤအလုပ်မျိုး လုပ်ပေးရသည်မှာ ဆိုက်ကားသမားတို့၏ တာဝန်တစ်ရပ်ဟု နားလည်ထားရုံမျှသာမက ဤသို့ လုပ်ပေးခြင်းအား ဖြင့်လည်း ဝင်ငွေမြက်မြက်ရနိုင်ကြောင်းကိုလည်း သိပြီးဖြစ်ပါသည်။

mgyoe.com

mgyoe.com


သို့သော် ယနေ့တော့ ကိုစိန်လင်းအဖို့ ဤလူကြီးကို ပြန်ဖြေရန် အင်မတန် နှုတ်လေးနေ၏။ ယနေ့တော့ဖြင့် ငွေ ဘယ်လောက်ပဲပုံရရ သည်အလုပ်မျိုးကို သူ မလုပ်ချင်ပေ။ ယနေ့ သူ့မယား မငွေရင် မီးဖွား လိမ့်မည်ဟု သူ့ယောက္ခမကြီးနှင့် ဝမ်းဆွဲသည်မ ဒေါ်ခကြီးတို့က မှာ လိုက်သည်ကို သတိရနေမိတော့သည်။ သားဦးကလေး မွေးဖွားမည့် သည်လိုနေ့မျိုး၌ သည်လို ညစ်ညမ်းသောငွေမျိုးကို အလိုမရှိပေ။

"ဒီကနေ့... ဒီကနေ့၊ ဟာ... ဒီနေရာမျိုးတွေ ကျွန်တော် မသိပါဘူး ဗျာ" ဟု မျက်နှာကို ခပ်တင်းတင်းထား၍ ခပ်ပြတ်ပြတ် ငြင်းလွှတ်လိုက် မိ၏။ ပြုံးဖြဲဖြဲနှင့် လူကြီးမှာ ရှက်ကိုးရှက်ကန်းဖြစ်ပြီး ချာခနဲ လှည့် ထွက်သွားတော့သည်။

ကိုစိန်လင်းသည် ဆိုက်ကားပေါ် ပြန်တက်ကာ သူ့အိမ်ရှိရာ သာကေတမြို့သစ်ဘက်သို့ ဆိုက်ကားကို သွက်သွက်နင်း၍ ပြန်ခဲ့မိလေ သည်။ စောစောက လူကြီးကို သူ သွားလိုရာလိုက်ပို့လျှင် ငွေတစ်ဆယ် ရမည်။ နောက်ပြီး ပြည့်တန်ဆာအိမ်မှရမည့် ပွဲခနှစ်ကျပ်နှင့် ယနေ့ သူရှာဖွေရရှိသော ဆိုက်ကားနင်းခ ငွေသုံးကျပ်နှင့်ဆိုလျှင် စုစုပေါင်း ငွေ ၁၅ ကျပ် အိမ်သို့ ပါလာနိုင်မည်ဖြစ်သည်။ ယခုတော့ ငွေ သုံးကျပ် မျှသာ ပါလာနိုင်၏။ သို့သော်လည်း ကိုစိန်လင်းအဖို့ သူ့ဆုံးဖြတ်ချက် နှင့်သူ ကျေနပ်ဂုဏ်ယူလျက် ရှိပေသည်။ သားဦးကလေးမွေးဖွားမည့် မင်္ဂလာနေ့မျိုးတွင် အစစအရာရာ သန့်စင်မင်္ဂလာရှိရပေမည်။

သာကေတရှိ သူ၏တဲကုပ်ကလေးရှေ့ ဆိုက်ကားဝင်ထိုးလိုက်ပြီး တဲပေါ်သို့ ကမန်းကတန်း လှမ်းအတက်လိုက်တွင် ယောက္ခမကြီးက ဆီး၍...

"ဟဲ့ မောင်စိန်လင်း၊ နင်ပြန်လာတာ အတော်ပဲဟေ့၊ နင့်မိန်းမ ဗိုက်နာနေပြီ" ဟု သတင်းကောင်းပါးလိုက်၏။

mgyoe.com

mgyoe.com


"အို ဟုတ်လား၊ နို့ ဒေါ်ခကြီးကော"

"ရောက်နေပြီလေ၊ သူ့အတွက် ငွေလိုတယ်ဟဲ့၊ နင် ကနေ့ ဘယ်လောက်ရှာရခဲ့သလဲ၊ ပေးလေ"

"ကနေ့ သုံးကျပ်ပဲ ရခဲ့တယ် အမေ၊ ဒါတောင် ကျွန်တော် လက်ဖက်ရည်တစ်ခွက် မသောက်ခဲ့ပါဘူး"

"ပေးပေး ဘယ်လောက်ပဲရရ၊ ဒေါ်ခကို နည်းနည်းပါးပါးလေးတော့ ပေးမှပေါ့ကွယ်။ အမေ့မလည်း လိုရမယ်ရဖွက်ထားတဲ့ ငွေသုံးကျပ်ရှိပါတယ်။ ဒေါ်ခကို ငွေငါးကျပ်လောက်တော့ တောင်းပန်ပြီး ပေးလိုက်ရမှာပဲ"

ကိုစိန်လင်းသည် ယောက္ခမကြီးအား သူ ရှာဖွေရရှိခဲ့သည့် ဆိုက်ကားနင်းခကလေး သုံးကျပ်ကို အပ်လိုက်၏။ ထို့နောက် ယောက္ခမကြီး သွားရာနောက်သို့ လိုက်မည်အလုပ်တွင်...

"နင် အပြင်ကပဲ စောင့်နေပါဟယ်" ဟု ယောက္ခမကြီးက တားမြစ်ပြီး ဝင်သွားလေသည်။

ကိုစိန်လင်းမှာ နားတစွင့်စွင့်နှင့်ပင် သူ့ဆိုက်ကားကလေးပေါ်တွင် ထိုင်စောင့်နေမိ၏။ သူ့မယား မငွေရင်၏ အနည်းငယ် ထွက်ပေါ်လာသော အော်ညည်းသံကြောင့် သူသည် စိတ်မရှည်နိုင်တော့ဘဲ ဆိုက်ကားဖင်ထိုင်ခုံအောက်မှ အဝတ်စုတ်တစ်စုတ်ကို ထုတ်၍ ဆိုက်ကားတစ်ခုလုံးကို အမြီးပြန်ခေါင်းပြန် သုတ်နေမိတော့သည်။

သူ့မယားမငွေရင်၏ အော်ညည်းသံသည်လည်း တစ်စတစ်စ ကျယ်လောင်လာလေ၏။ ညဥ့်သည်လည်း အမှောင်ထု ကော်ဇောကို ဖြန့်ခင်းလိုက်၏။ ညဥ့်ကော်ဇောပေါ်ဝယ် ကြယ်ပွင့်ကလေးများ ပုန်းနေရာသည်နေရာမှ ပြူထွက်လာကြသည်။ ကိုစိန်လင်းကား ညဥ့်မှောင်မိုက်ထဲမှာပင် သူ့ဆိုက်ကားသူ ပွတ်တိုက်နေ၏။

mgyoe.com

mgyoe.com


ဤသို့ ပွတ်တိုက်ရင်းက သူ့မျက်လုံးများသည် မှောင်ထဲမှာပင် တောက်ပလာလေသည်။ တကယ်တော့လည်း ဤဆိုက်ကားကလေးနှင့်ပင် သူသည် သူ၏ အိမ်ထောင်စုကို နှစ်ပေါင်းများစွာ ရှာကျွေးခဲ့သည်။ သူ့အလုပ်သည် နိမ့်ကျသလိုလို ထင်ရသော်လည်း တကယ်တမ်း တွေးကြည့်တော့ ဂုဏ်ယူဖွယ်ရာပင် ကောင်းသေးသည်။ သူ့အလုပ်သည် ဘယ်သူ့ကိုမှ ဒုက္ခမပေး၊ ဘယ်သူ့ကိုမှ အန္တရာယ်မပြု၊ အများအကျိုးကို ကိုယ့်လုပ်အားနှင့် ပို့ဆောင်ပေးရသည့် ရိုးဖြောင့်စင်ကြယ်သော အလုပ်တစ်ခုပင်ဖြစ်သည်။ သူသည် ဤအလုပ်နှင့်ပင် သူ့သားကြီးကို လူလားမြောက်၍ ကြီးပွားလာအောင် ပို့ဆောင်ပေးမည်။

ကိုစိန်လင်းသည် သူ့ဘဝကိုသူ ကျေနပ်ရောင့်ရဲစွာ စဉ်းစားရင်း သူ့အလုပ်တွင် အားကိုးရာဖြစ်သော ဆိုက်ကားကလေးကို ယုယမြတ်နိုးစွာ တိုက်ချွတ်နေမိတော့သည်။ ထိုအခိုက်အတန့်တွင် "အူဝဲ... အူဝဲ... အူဝဲ" ဟူသော ကလေးငိုသံကလေး တဲထဲမှ ထွက်ပေါ်လာလေ၏။

"ယောကျ်ားလေး ဟော့... ယောကျ်ားကလေး"

ယောက္ခမကြီးကလည်း ဝမ်းသာအားရ လှမ်း၍ အော်လိုက်သည်။

ကိုစိန်လင်းသည် လက်ခမောင်းထ၍ ခတ်မိတော့မတတ် ဝမ်းသာလုံးဆို့သွား၏။ သူသည် ဖိတ်ဖိတ်တောက်အောင် ပွတ်တိုက်ထားသဖြင့် ကြယ်ရောင်မှာပင် ပြောင်လက်လျက်ရှိသော ဆိုက်ကားကလေးကို တစ်အားဆုပ်ကိုင်ထားရင်းက "ငါ့သားကလေး၊ ငါ့သားကလေး"ဟု အူလှိုက်အသည်းလှိုက် ရွတ်လိုက်မိသည်။

တစ်ချိန်တည်းမှာပင် သူ့သားကလေးအတွက် ဝမ်းထဲမှ ကျိတ်၍ ဆုတောင်းလိုက်မိ၏။ သူ့သား မမွေးဖွားသေးမီက ကြီးလျှင် ဘာဖြစ်စေရမည်၊ ဘာလုပ်စေရမည် စသည်ဖြင့် နေ့စဉ်နှင့်အမျှ စိတ်ကူးယဉ်မှန်းဆမိခဲ့သော်လည်း ယခုတော့ သူ့သားကို တစ်ခုပဲ ဖြစ်စေချင်ပါသည်။

mgyoe.com

mgyoe.com



သူ့သားသည် ဘယ်လိုအခြေ ဘယ်လိုအဆင့်အတန်းမျိုးသို့ပဲ ရောက်ရောက်၊ နောက်ဆုံး သူကဲ့သို့ပင် ဆိုက်ကားသမားဖြစ်ချင် ဖြစ်ပါစေ၊ သူ့လိုပင် ကိုယ့်လုပ်အားကိုယ်အားကိုးလျက် ဘယ်သူ့ကိုမှ ဒုက္ခမပေး ဘယ်သူ့ကိုမှ အန္တရာယ်မပြုသော ရိုးသားဖြောင့်မတ်သည့် အလုပ်သမားကောင်းတစ်ယောက် ဖြစ်ပါစေသတည်း။

မြဝတီ၊ ဖေဖော်ဝါရီ၊ ၁၉၆၃။

◆

mgyoe.com

mgyoe.com

## ဆရစ်ကညာမေရယ်

### (၁)

ယခုရေးမည့် အဖြစ်အပျက်ကလေးမှာ တစ်နေ့ကနှင့် ယနေ့ စပ်ကူး မပ်ကူး အချိန်တွင်းဝယ်၊ ရီရီဆွေကိုယ်တိုင် ကြုံတွေ့ခံစားလိုက်ရသော အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပေသည်။

သီတင်းကျွတ်လအတွင်းဝယ် ဖြစ်ပျက်ခဲ့လေရာ ရီရီဆွေ၏ အသက် ၁၅ နှစ်တွင်းသို့ ချဉ်းခဲ့ပြီဖြစ်သောအချိန်တွင် ဖြစ်လေသည်။ သည် အသက်အရွယ်အထိ ရီရီဆွေ လူပေါင်းကိုးယောက်တိတိကို ချစ်ခဲ့ ဖူးလေပြီ။ ကိုးယောက်တဲ့နော်... ဆယ်ယောက်မဟုတ်ခဲ့ပါ။

ကိုကြည်လှိုင်က သူ့လက်ဝါးကလေးအား ယုယုယယ ဆုပ်နယ် ဖြစ်ညှစ်ထားစဉ်အခါက အထက်ပါအတိုင်း ရီရီဆွေ ဖွင့်ဟဝန်ခံမိခဲ့ခြင်း ဖြစ်လေသည်။

"ကိုယ်တော့လေ... ဆွေ့ကို သိပ်ချစ်မိနေပြီကွယ်" ဟု ကိုကြည် လှိုင်က တိုးတိုးကလေး ကပ်ပြောလိုက်ရာ

"အို... ဆွေလည်း ကိုကိုလှိုင့်ကို ချစ်တာပါပဲ" ဟု ရီရီဆွေက

mgyoe.com

mgyoe.com


ပြန်ဖြေလိုက်လေသည်။

ထိုမျှနှင့်ပင် အားမရနိုင်သေးဘဲ၊ ကိုကြည်လှိုင်၏ ပခုံးစွန်းတွင် ခေါင်းကလေး ငဲ့တင်လိုက်ရင်း "လောကကြီးမယ်… ဆွေ ချစ်ခဲ့ဖူးတဲ့ လူပေါင်း ဆယ်ယောက်တောင် ရှိသွားပြီ" ဟု ဝမ်းသာကျေနပ်လှဟန်နှင့် ဆက်ပြောလိုက်သေးသည်။

ကိုကြည်လှိုင်မှာ ရုတ်တရက် ကြားလိုက်ရသော စကားများ အတွက် နောက်သို့ အနည်းငယ် တွန့်သလိုလို ဖြစ်သွားသောကြောင့်

"အို… ဆွေ ချစ်ခဲ့ဖူးတဲ့လူတွေက ဖေဖေရယ်၊ မေမေရယ်၊ ဒေါ်ဒေါ် ဆင့်ရယ်၊ ဆွေ့ကိုကိုရယ်၊ (ကိုကို့မိန်းမတော့ မချစ်ပေါင်)၊ နောက်ပြီး… ဆွေ့ကျောင်းနေဖက် သူငယ်ချင်းမကလေး ပက်တီလှမောင်၊ နောက်ဆုံး ကတော့ ကိုကိုလှိုင်ပဲပေါ့" ဟု ရီရီဆွေကပင် သူ့စကားဖြေရှင်းရန် ကမန်း ကတန်း ပြောလိုက်လေတော့၏။

"ဒါဖြင့် ခြောက်ယောက်တည်း ရှိသေးတယ်" ဟု ကိုကြည်လှိုင်က မကျေနပ်သေးဟန်ဖြင့် ပြောလိုက်ပြန်လေရာ…

"အဲ အဲ… နောက်ပြီး ရဲအောင်ကြီးရယ်…၊ သိန်းထွတ်ရယ်"

"သူတို့က ဘယ်သူတွေလဲ"

"အို… ဆွေတို့အိမ်က ခွေးကြီးနှစ်ကောင်ပေါ့"

ကိုကြည်လှိုင်မှာ ရီရီဆွေ သူ့ကို လှောင်များ လှောင်လိုက်တာလား ဟူသော အမူအရာမျိုးဖြင့် ခပ်စိုက်စိုက် ကြည့်လိုက်မိလေ၏။ နောက်မှ အတည်ပြောနေကြောင်း သိရသဖြင့်

"ကဲ… ဒါပါမှ ရှစ်ယောက်ရှိသေးတယ် ခင်ဗျ"

"သြော်… နေဦး… နေဦး၊ ရှိသေးတယ်…ကျန်တဲ့နှစ်ယောက်က တော့ ကိုပါနဲ့ အစိုးပေါ့ ကိုကိုလှိုင်ရဲ့" ဟု ရီရီဆွေက မနည်းကြီး စဉ်း စားယူရဟန်နှင့် ပြောလိုက်လေ၏။

mgyoe.com

mgyoe.com



"ကိုပါနဲ့ အစိုးဆိုတာကကော… ဘယ်သူတွေလဲ"

"အို… သူတို့နှစ်ယောက်ကို ဆွေ… သူငယ်တန်းကလေးကတည်းက စသိလာခဲ့တာ၊ ဆွေတို့မိဘတွေနဲ့ သူတို့မိဘတွေနဲ့ သိပ်ခင်ပြီး… ဆွေတို့တစ်တွေလည်း ငယ်ငယ်ကလေးကတည်းက အတူတူ ကြီးပြင်းလာခဲ့ကြတာပေါ့၊ အခုတော့လေ… သူတို့ ရန်ကုန်ကျောင်းရောက်သွားကြလို့ တစ်နှစ်ကျော်ကျော်လောက် ရှိပြီ၊ ဆွေတို့ ကွဲနေခဲ့ကြတာ၊ သူတို့ ဒီသီတင်းကျွတ်တော့ ပြန်လာကြမယ်ဆိုတာပဲ"

သို့နှင့်ပင် ကိုကြည်လှိုင်လည်း ကျေနပ်သွားဟန်ဖြင့် ထိုစကားကို ရှေ့သို့ မဆက်တော့ချေ။ သူတို့နှစ်ယောက် မျက်လုံးချင်းစိုက်၍ တစ်ဦးမျက်နှာတစ်ဦး အတော်ကြီးကြာသွားအောင် ကြည့်နေမိကြလေ၏။ နှစ်ယောက်စလုံး၏ ရင်ထဲ၌ ဖိုခနဲ ဒိတ်ခနဲ ဖြစ်သွားမိကြပုံရလေ၏။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်၍ အားရတော့မှ…

"ဆွေနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း အမြဲတမ်း သွားအတူ၊ လာအတူ ဝဝကြီး လျှောက်လည်ချင်တယ်ကွယ်" ဟု ကိုကြည်လှိုင်က ပြောလိုက်လေသည်။

"ကိုကိုလှိုင် ဆွေ့ကို တကယ်လျှောက်ခေါ်ချင်ရဲ့လား"

"ဆွေကကော… ကိုကိုလှိုင့်ကို ခေါ်စေချင်ရဲ့လား"

"အို… ဒီက ကိုကိုလှိုင့်ကို ချစ်ပါတယ်လို့တောင် ပြောထားပြီ ဟာကိုး…"

"ဒသမမြောက် ချစ်တာကြီးပါ"

ထိုအခါတွင် ရီရီဆွေမှာ ကျေနပ်သဘောကျလှစွာ ရယ်လိုက်ရင်းက ကိုကြည်လှိုင်၏ ပါးပြင်ပေါ် သူ့လက်ဝါးနုနုကလေးဖြင့် ပွတ်သပ်လိုက်ပြီးနောက်…

"ကိုကိုလှိုင့်ကိုတော့ တကယ့်ကို အထူးစပါယ်ရှယ် ချစ်မိတာပါ"

mgyoe.com

mgyoe.com



ဟု ချစ်စဖွယ် ပြောရှာလေ၏။

သည့်အခါတွင်မှ ကိုကြည်လှိုင်သည် ကြိတ်မနိုင် ခဲမရဟန်ဖြင့် ရီရီဆွေ၏ပါးပြင်ကလေးကို သူ့နှာခေါင်းနှား ဆွဲယူကာ ယုယမြတ်နိုး လှစွာ နမ်းရှုပ်လိုက်မိတော့လေ၏။

အချိန်အတော်ကလေးပင် ကြာသွားလေ၏။ ကိုကြည်လှိုင်နမ်း၍ အားရသော အချိန်၌ကား ရီရီဆွေမှာ အသက်ရှူကလေးများပင် မှား လျက်ရှိရာက၊ အိမ်၌ စန္ဒရားသင်ရန်အတွက် စောင့်နေမည့် စန္ဒရား ဆရာကြီး ဦးဘညွှာအား ရုတ်တရက် သတိရလိုက်မိသောကြောင့်…

“ကဲ… ကိုကိုလှိုင် စန္ဒရားသင်စရာ ရှိသေးတယ်။ ဆွေ ပြန်တော့ မယ်” ဟု ပျာယီးပျာယာ နှုတ်ဆက်လိုက်မိတော့လေသည်။

## (၂)

အကယ်စင်စစ်၊ ညနေကျောင်းအဆင်းတွင် ဘိုင်စကယ်ကလေး ဖြင့် အိမ်ပြန်လာခဲ့စဉ်အခါက ယခုလို ကိုကြည်လှိုင်က သူ့ကို နမ်းလိမ့် မည့်အကြောင်းကို အရိပ်အမြွက်မျှလောက်ပင် မတွေးမိခဲ့ချေ။ ယခု သူတို့ နှစ်ယောက် ဆုံမိကြတာကတော့ တကယ်ပင် မတော်တဆ သွားတိုးမိကြ တာပါ။

ရီရီဆွေမှာ ကျောင်းမှပြန်အလာ ဆုတောင်းပြည့်စေတီအနီးရှိ မာလကာခြံကလေးအတွင်း၌ မာလကာသီးခူးနေစဉ် ကိုကြည်လှိုင် ရုတ် တရက် ပေါက်လာခဲ့ခြင်းဖြစ်လေသည်။ မာလကာသီး ပွပွကြီးတစ်လုံးကို အားရပါးရ ကိုက်စားနေမိခိုက်၊ ဆောင်းနေကျ ဦးထုပ်ပျော့ကလေးကို ဆောင်း၍ ဘန်ကောက်လုံချည် တိုတိုပါအောင် ဝတ်ထားသော ကိုကြည် လှိုင့်မျက်နှာကြီးကို တွေ့လိုက်ရသဖြင့် ကိုက်ရင်းတန်းလန်း မာလကာ သီးကို ပါးစပ်မှ ပြန်ထုတ်ယူလိုက်မိရာက ပြုံးနေကျအတိုင်း ပြုံး၍

mgyoe.com

mgyoe.com .


နှုတ်ဆက်လိုက်မိလေတော့၏။ သူ့မျက်စိထဲတွင် ကိုကြည်လှိုင်မှာ တစ်မျိုးပင် ကြည့်ကောင်းနေလေ၏။

"အောင်မယ် စန္ဒရားဆရာကြီးပါလား" ဟု လှမ်းနှုတ်ဆက်လိုက်ရင်း ကိုကြည်လှိုင်ဆီသို့ လျှောက်သွားလေသည်။

"ဘယ်က ခြံသူခိုးကလေးများလဲလို့၊ ဒီက လှမ်းအော်လိုက်မလို့ပေါ့... ကြည့်စမ်းပါဦး၊ မတွေ့ရတာကြာလို့ လူတောင်မှားနေပြီ"

"ဘယ်တွေ့ပါ့မလဲ ဆရာကြီးရဲ့၊ ဆရာကြီးက ရှာမှမရှာဘဲ၊ ဖေဖေကတော့ ဆွေ့ကို တစ်မြို့လုံး မရောက်တဲ့နေရာရယ်လို့ မရှိတော့ဘူးတဲ့၊ လျှောက်လည်လွန်းလို့ ဆူတောင် ဆူသေးတယ်၊ ဒါနဲ့တောင်မှ ဆွေ့ကို မတွေ့နိုင်ဘူးဆိုရင် မတွေ့တဲ့လူ အပြစ်ပေါ့"

ကိုကြည်လှိုင်က ကျေနပ်စွာ ရယ်လိုက်ရာက...

"ဟုတ်ပါတယ်ခင်ဗျာ... ကျွန်တော်ကိုက အိမ်ထဲကုပ်ပြီး စန္ဒရားတီးနေမိလို့ ဆွေ့ကို မတွေ့မိတာပါ၊ ဝန်ခံပါတယ်၊ ဝန်ခံပါတယ်" ဟု ပြုံးပြုံးကြီး ပြောလိုက်ပြီးနောက် ရီရီဆွေ၏ ချစ်စရာကောင်းလှသည့် မျက်နှာထားကလေးကို စိုက်ကြည့်နေမိလေတော့၏။

သူ့မျက်နှာကလေးတစ်ခုလုံးမှာ အပြစ်ကင်းစင် ရိုးသားလှကြောင်းကို ထုတ်ဖော်လျက်ရှိကာ ဆောင်းဦးပေါက် အချိန်ကလေးကဲ့သို့ပင် လန်းဆတ်စိုပြည်လျက် ရှိတော့သည်။ လည်တိုင်ကြော့ကြော့ကလေး ဖုံးရုံမျှသာ ရှည်လျားသော ဆံပင်မတိုမရှည်ကလေးမှာ ဖရိုဖရဲ ဖြစ်လျက်ရှိသော်လည်း ထိုကဲ့သို့ သပ်သပ်ရပ်ရပ် မရှိခြင်းကပင် တစ်မျိုး ကြည့်ကောင်းနေသည်ဟု ထင်ရလေသည်။ ပြုံးထားရာတွင် ချိုင့်ဝင်လျက်ရှိသော ပါးချိုင့်ကလေးနှစ်ခုနှင့် သွားတက်ကလေးများကြောင့်လည်း အလှထူးကဲလျက် ရှိပုံရလေ၏။

ကိုကြည်လှိုင်၏ မျက်စိရှေ့မှောက် ရောက်လာသည့်နေ့မှစ၍

mgyoe.com

mgyoe.com


သုံးလေးလအတွင်း တွေ့ဖူး မြင်ဖူးခဲ့သော်လည်း ထိုနေ့တွင် တစ်ဘာသာ ထူးခြားလျက်ရှိသည်ဟု အောက်မေ့မိလေတော့၏။

ယခု သူ့ရှေ့တည့်တည့်၌ အပြာရင့်ရောင် ကျောင်းဂါဝန်တိုကလေးကို ဝတ်ထားလျက် လက်ကလေးနှစ်ဖက် ခါးနောက်ပစ်၊ ခြေထောက်နှစ်ဖက်ကို ယောကျ်ားကလေးတစ်ယောက် ဟန်အမူအရာမျိုးဖြင့် ခပ်ကားကားရပ်နေသည်ကို ကြည့်နေမိရင်းကပင် ရီရီဆွေမှာ သူ့မျက်စိထဲ၌ တကယ့်အရွယ်ရောက်နေပြီဖြစ်သည့် မိန်းမပျိုတစ်ယောက်အဖြစ် မြင်မိနေလေတော့၏။

အမှန်ပင် ဤသီတင်းကျွတ်တွင်မှ ရီရီဆွေမှာ မြင်သူငေးလောက်အောင်၊ ချီးမွမ်းလောက်အောင်၊ ချစ်မိလောက်အောင် အခြေအနေမျိုးပြောင်းလဲသွားခြင်း ဖြစ်ပေလိမ့်မည်။

"ဆွေလည်း တစ်ခါတလေကြုံတုန်း ခဏတစ်ဖြုတ်လောက် ကိုကိုလှိုင်တို့ဆီ စန္ဒရားလာတီးပါရစေနော်" ဟု ရီရီဆွေက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းပစ်လိုက်လေသည်။

"အောင်မယ်လေးဗျာ.. ဒါများ ခွင့်တောင်းနေရသေးသလား၊ စန္ဒရားတီးတော့ကော ဘာကြောင့် ခဏတစ်ဖြုတ်လောက် တီးရမှာလဲ၊ အကြာကြီး မတီးချင်လို့လား"

"မဟုတ်ပါဘူး... ကိုကိုလှိုင်ရဲ့၊ လူကြီးတွေဆိုတာ ကိုယ့်ထက်ငယ်သူတွေနဲ့ ပေါင်းရသင်းရတာကို တစ်ခါတလေ ငြီးငွေ့လာတတ်တယ်လို့ မေမေက ခဏခဏ ပြောဖူးတာ အမှတ်ရလို့ လျော့လျော့ပေါ့ပေါ့ ခွင့်တောင်းရတာပါ"

ရီရီဆွေက ခပ်ရွှံ့ရွှံ့ကလေး ပြောလိုက်သောအခါ၌ ကိုကြည်လှိုင်မှာ မျက်ခုံးများ ပင့်တင်လိုက်ရင်းက

"ကိုယ် အသက် အစိတ်ကျော်ကျော် ရှိပါသေးတယ်ဗျာ...၊ ဆွေက

mgyoe.com

mgyoe.com


ကိုယ့်ကို လူကြီးလို့ဆိုရအောင် ဘယ်လောက်များ အောက်မေ့နေလို့လဲ...” ဟု မကျေနပ်ဟန်ဖြင့် မေးလိုက်လေ၏။

“စိတ်မဆိုးပါနဲ့ ကိုကိုလှိုင်ရယ်၊ ဆွေက အလကား ခင်လို့ ကျီစားတာပါ၊ ဆွေလည်း ကိုကိုလှိုင်နဲ့ ရွယ်တူတန်းတူလောက် အောက်မေ့နေတာပဲ၊ ဒါပေမဲ့... ကိုကိုလှိုင်ကမှ ဆွေ့ကို ရွယ်တူတန်းတူလို့မှ မထားဘဲ၊ မနေတာဘဲလား... ဟင်”

ကိုကြည်လှိုင် ရီရီဆွေ့လက်ကလေးတစ်ဖက်ကို ကရုဏာဒေါသောနှင့် ယုယုယယ ဖမ်းဆုပ်ထားလိုက်မိခြင်းပင် ဖြစ်လေသည်။ သူ ဘယ်လိုမှ ချုပ်တည်း၍ မရနိုင်တော့ချေ။ ရီရီဆွေ့လက်ဝါးကလေးအား ဆုပ်နယ်ဖြစ်ညှစ်နေမိရာက သူ့အချစ်ကို ဖွင့်ပြောလိုက်မိခြင်းဖြစ်လေသည်။ ထို့နောက် သူ ရီရီဆွေ့ပါးကလေးအား နူးညံ့သိမ်မွေ့စွာ နမ်းလိုက်မိပြန်သည်။ အင်မတန်မှပင် ထူးခြားသော၊ လှိုက်လှဲသော၊ အဆုံးသတ်ချင်ဖွယ် မရှိသော လွယ်ကူစွာ ရရှိလိုက်သည့် အနမ်းကလေးဖြစ်လေသည်။

သူတို့နှစ်ယောက်စလုံး ပြိုင်တူလိုလိုပင် ထိုအနမ်းကလေး၏ ထူးခြားအံ့ဩဖွယ်ကောင်းသည့် အရသာကို ခံစားမိလိုက်ကြလေ၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ဖြည်းညင်းစွာ ခွာလိုက်မိကြသော အချိန်တွင် အနမ်း၏ အရသာကလေးမှာလည်း လေထဲမှ နူးညံ့သည့် ဂီတသံကလေးကဲ့သို့ တဖြည်းဖြည်း လွင့်မျောပါသွားလေတော့သည်။

ရီရီဆွေ့အဖို့ ဘယ်ခါ ဘယ်တော့မှ မေ့နိုင်မည်မဟုတ်သော အချိန်ကလေးတစ်ခုပင် ဖြစ်တော့၏။ ကိုကြည်လှိုင်မှာ သူ့ကို ကြည်လင်စူးရှသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်ရင်း ရှေ့တည့်တည့်၌ ငြိမ်သက်စွာ ရပ်လျက်ရှိ၏။

ရီရီဆွေသည် ရုတ်တရက် ရှက်စနိုးဟန်အမူအရာကလေးဖြင့်

mgyoe.com

mgyoe.com


အောက်သို့ ငုံ့ကြည့်လိုက်မိလေ၏။ သူ့စိတ်ထဲ၌ သူတို့ခြေထောက်အောက်မှ စိမ်းလန်းစိုပြည်လျက်ရှိသည့် မြက်ပင်ကလေးများကိုပင် ချစ်မြတ်နိုးစိတ် ပေါက်လာမိတော့သည်။

ထို့နောက်တစ်ဖန် သူသည် အထက်သို့ မော်ကြည့်လိုက်မိပြန်သည်။ ကြည်လင်သော မိုးကောင်းကင်ဝယ် အမှတ်မထင် ရွေ့လျားလျက်ရှိသည့် တိမ်ဖြူအုပ်များကို တွေ့ရပြန်သဖြင့် စိတ်ထဲ၌ အလိုလိုနေရင်းကြည်နူးသွားပြန်တော့၏။ အနီးအနားရှိ ဆုတောင်းပြည့်စေတီတော်မှ ဆည်းလည်းသံကလေးတို့မှာလည်း လွမ်းစဖွယ် ဖန်တီးနေလေသည်။

နောက်ဆုံး၌ သူသည် ပျော်ရွှင်ကြည်နူးမှုကို ဘယ်လိုထုတ်ဖော်ပြရမည်ကို တွေးမရနိုင်တော့သဖြင့် ဖရိုဖရဲဖြစ်လျက်ရှိသည့် ဆံစကလေးများကို ဘယ်ညာရမ်းသွားအောင် လှုပ်ခါပစ်လိုက်မိလေ၏။

"ကိုယ့်ကို အမြဲတမ်းချစ်နော်" ဟု ပြောပြောဆိုဆို ကိုကြည်လှိုင်က ဒုတိယမ္ပိ နမ်းလိုက်ပြန်သောအခါ၌ ရီရီဆွေမှာ ပါးစပ်မှ အဖြေမပေးနိုင်ဘဲ ခေါင်းကလေးကို အသာအယာ ညိတ်ပြလိုက်မိလေသည်။

သူ့ဝမ်းထဲကမူ "အသက်အစိတ်ရှိတဲ့ လူကြီးတစ်ယောက်က ငါ့ကို နမ်းတာ နှစ်ခါရှိသွားပြီ" ဟု တွေးမိနေလေသည်။

ထိုအတွေးကလေးကပင် သူ့စိတ်ကို ထူးထူးကဲကဲ ပျော်ရွှင်စေတော့၏။

(၃)

မကြာမီပင် ရီရီဆွေမှာ စက်ဘီးကလေးကို ခပ်သွက်သွက်နင်းကာ ညနေစောင်း၏ အရိပ်အောက်မှ ဖြတ်ချည်ကျော်ချည်နှင့် အိမ်ဘက်သို့ ပြန်ခဲ့လေတော့၏။

သူ့မျက်နှာကလေးတစ်ခုလုံးမှာ ပျော်ရွှင်ကျေနပ်မှု အရိပ်အယောင်

mgyoe.com

mgyoe.com


ကလေးများဖြင့် ဝင်းဝင်းတောက်လျက်ရှိကာ သူ့ဆံပင် မတိုမရှည်ကလေး မှာလည်း လေတွင် တဖျပ်ဖျပ် လှုပ်ရှားပျံဝဲလျက် ရှိလေသည်။ ရီရီဆွေ မှာ သူ့ရင်ထဲမှ တဒိတ်ဒိတ်ခုန်သံနှင့် ကိုက်ညီအောင် စက်ဘီးကို အလျင် အမြန် နင်းနေရပုံ ရလေသည်။

သူသည် လမ်း သုံးလေးလမ်းကို တစ်လမ်းပြီးတစ်လမ်း ဖြတ် ကျော်ခဲ့သည့်နောက် ရိုးကုမ္ပဏီ အဆောက်အဦ၊ ကုလားဗလီ စသည် များကိုလည်း တစ်ခုပြီးတစ်ခု ချန်ထားပစ်ခဲ့လေသည်။

သူသည် တရုတ်ခေါက်ဆွဲဆိုင် တစ်ခုရှေ့သို့ အရောက်တွင်

"ဗျို့... ပေါက်ဖော်ကြီး ရောင်းကောင်းရဲ့လား" ဟု ကလေး ကလေးတစ်ယောက်ကဲ့သို့ လှမ်းအော်၍ နှုတ်ဆက်လိုက်လေ၏။ ထိုမှ တစ်ဖန် ဆက်လက်နင်းလာရာတွင် ယောကျ်ားကလေးနှစ်ယောက် ရှေ့ နောက် အတူစီး၍လာနေသော စက်ဘီးတစ်ခုနှင့် ရင်ဆိုင်တိုးမိပြန်သော ကြောင့် ခပ်ရွှတ်နောက်နောက် အမူအရာကလေးနှင့် မထီလေးစား နှုတ် ဆက်လိုက်ပြန်လေ၏။ စာတိုက်နားသို့ အရောက်တွင် လမ်းနံဘေးမှ ကပ်၍ ဖြည်းညင်းစွာလျှောက်လာသည့် အသက် ၅၀ ကျော်အရွယ်ခန့်ရှိ မိန်းမကြီးတစ်ယောက်နှင့် ရင်ဆိုင်မိသောအခါ၌မူကား ရီရီဆွေသည် ဘိုင်စကယ်ကို ခြေတစ်ဖက်ထောက်ရပ်လိုက်ရင်းက...

"အိမ်ပြန်တော့မလို့လား အရီးအေးသွင်... လိုက်ပို့စေချင်ရင် ဆွေ အိမ်ရောက်အောင် လိုက်ပို့လိုက်မယ်လေ" ဟု ယဉ်ကျေးသိမ်မွေ့လှသော အသံကလေးဖြင့် လောကွတ်ပျူငှာစွာ ပြောလိုက်လေသည်။

"လိုက်ပို့ဖို့ မလိုတော့ပါဘူးကွယ်... အရီးသွားနိုင်ပါတယ်" ဟု မိန်းမကြီးက ကျေးဇူးတင်စွာဖြင့် ငြင်းလိုက်သောအခါတွင်မှ ရီရီသေသေ နှုတ်ဆက်လိုက်ပြီးနောက် ဘိုင်စကယ်ကလေးကို ဆက်၍ နင်းခဲ့မိပြန် တော့လေ၏။

mgyoe.com

mgyoe.com


ထို့နောက်တွင်မူ... သူသည် သူတို့အိမ်တည်ရှိရာ လမ်းထဲသို့ ချိုးဝင်လာခဲ့မိပြီးနောက် ခန့်ညားထည်ဝါသော တိုက်ခံပျဉ်ထောင် နှစ်ထပ်အိမ်ကြီးတစ်ခု၏ရှေ့တွင် ထိုးရပ်လိုက်မိတော့လေသည်။ စက်ဘီး ထိုးရပ်လိုက်သည်နှင့် မရှေးမနှောင်းပင် အိမ်နောက်ဖေးဘက်မှ အင်းစပ်ခွေးကြီးနှစ်ကောင် ဝမ်းသာအားရ သူ့ကို လာ၍ ဆီးကြိုနှုတ်ဆက်ကြလေ၏။

"အောင်မယ်လေး... ရဲအောင်ကြီးက ဘယ်နေရာများ လျှောက်လူးထားသလဲ... ကြည့်စမ်းပါဦး... ညစ်ပတ်နေလိုက်တာ၊ သူ့တော့လား မနက်ဖြန်မှ ရေချိုးပေးရမယ်၊ ကြည့်... သိန်းထွတ်ကြီးကမှ လိမ္မာတာကွ...၊ သွား သွား... ဒီကောင်ကြီးကိုတော့ ငါ မချစ်တော့ဘူး" ဟု စိတ်ဆိုးဟန်နှင့် ပြောပြောဆိုဆို ရဲအောင်ဆိုသည့် ခွေးကြီးအား နှင်ထုတ်နေပြီးမှ တစ်ဖန် ချစ်ကရုဏာသက်သွားဟန်ဖြင့် ...

"အို... ဆွေက ကျီစားတာပါကွယ်...၊ လာလာ ပြန်လာခဲ့... ရဲအောင်ကြီးကိုလည်း ချစ်ပါတယ်ကွာ...၊ မင်းတို့နှစ်ကောင်စလုံးကို ဘီစကွတ်ကျွေးရမယ်" ဟု အမူအရာပါပါနှင့် ပြန်ချော့လိုက်မိပြန်လေ၏ ။

ထိုနောက် သူသည် စက်ဘီးကလေးကို အိမ်ထဲတွန်းသွင်းခဲ့ရင်း အင်းခွေးကြီးနှစ်ကောင်နှင့်အတူ ဝင်ရောက်ပျောက်ကွယ် သွားလေတော့သည်။ အတန်ငယ်ကြာမှ ခွေးကြီးနှစ်ကောင်နှင့်ပင် အတူ အိမ်နောက်ဖေး ခြံကလေးထဲသို့ ပြန်ထွက်လာခဲ့ပြန်လေသည်။

သူသည် လက်ကလေးနှစ်ဖက် ရင်ဘတ်ပေါ်ယှက်၍ ကိုယ့်ပခုံးကိုယ် ရစ်သိုင်းဖက်ထားမိရင်းက အဆိုပါ သီတင်းကျွတ်လ၏ ညနေစောင်းကလေးကို အလိုလိုနေရင်း ကြည်နူးနှစ်ခြိုက် လာမိရုံသာမက... သူ နေထိုင်လျက်ရှိသည့် မြို့ကလေးကိုရော သူ ပေါက်ဖွားလာခဲ့သည့်

mgyoe.com

mgyoe.com


လောကဓာတ်ကြီး တစ်ခုလုံးကိုပါ ထူးကဲလှစွာ ချစ်မြတ်နိုးစိတ် ယိုဖိတ်သွားမိလေတော့သည်။

ခြံထဲရှိ နှင်းဆီရုံကလေးတစ်ရုံမှ ပျံ့လွင့်လာသည့် ရနံ့ကလေးတို့မှာ သူ၏ ကြည်နူးစိတ်ကလေးအား ထောက်ခံအားပေး ကူညီသလိုဖြစ်နေတော့လေ၏။ သူသည် ခြံထောင့်တစ်ခုရှိ ပစ္စည်းသိုလှောင်ရာဂိုဒေါင်ကြီးတစ်ခုဆီသို့ ပေါ့ပါးသွက်လက်စွာ ပြေးလျှောက်လာခဲ့မိပြီး အထဲသို့ ဝင်ရောက်ခဲ့မိပြန်လေ၏။ ထိုဂိုဒေါင်ကြီးကား သူ ငယ်ရွယ်စဉ်အခါက ကိုပါ၊ အစိုးတို့နှင့်အတူ တူတူပုန်းတမ်းကစားရာတွင် အမြဲတမ်း အသုံးပြုခဲ့သော ပုန်းခိုရာ အဆောက်အဦကြီးပင် ဖြစ်တော့သည်။

ပစ္စည်းဟောင်းများ၏ စိုထိုင်းထိုင်း အနံ့ထွက်လျက်ရှိကာ မှောင်မိုက်မိုက်ဖြစ်နေသည့် ဂိုဒေါင်ကြီးထဲသို့ ဝင်ခဲ့မိစဉ် ရီရီဆွေ၏စိတ်ထဲ၌ ရှေးဖြစ်ဟောင်းကလေးတွေအား ပြန်လည်တွေးတော မြင်ယောင်မိရင်း ကျေနပ်လှစွာ ပြုံးလိုက်မိလေ၏။

ထို့နောက် သူသည် ပစ္စည်းများဖြင့် ရှုပ်ယှက်ခတ်နေသည့် အကြားသို့ ဝင်ခဲ့မိရာက ရှေးကကဲ့သို့ပင် ပြောင်းလဲခြင်း သိပ်မရှိလှသည့် သူတို့၏ ကစားရုံကြီးကို သတိပြု အကဲရပ်လိုက်မိတော့သည်။

ဂိုဒေါင်ကြီးအထဲမှ ပြန်ထွက်ခဲ့မိသော အချိန်တွင် နှင်းဆီပန်းရနံ့ကလေးတို့အား ရှူရှိုက်လိုက်မိပြန်သည်။ ထိုပန်းရနံ့ကလေးများ အကြားမှ တစ်ဖန်မွှေးကြိုင်လှစွာ ပျံ့လွင့်လာသော ဟင်းလျာနံ့တစ်ခုနှင့်အတူ မီးဖိုချောင်ဆီမှ ချက်မှန်မှန် ထွက်ပေါ်လာသည့် ငရုတ်သီးထောင်းသံကိုကြားရပြန်လေ၏။

ထိုအခိုက်မှာပင် ဆုတောင်းပြည့်စေတီဘက်ဆီမှ သာယာကြည်နူးဖွယ် ပေါ်ထွက်လာသည့် ခေါင်းလောင်းသံနှင့် တစ်ပြိုင်တည်းလိုလို...

"မရီဆွေရေ... စန္ဒရားသင်ရအောင် ဆရာကြီး ရောက်နေပြီတဲ့"

mgyoe.com

mgyoe.com


ဟန့်သော သူ့ကြီးဒေါ် ဒေါ်ဒေါ်ဆင့်၏ သတိပေးခေါ်သံကို ကြားလိုက်ရတော့မှ စန္ဒရားသင်ရန်အတွက်ကို သတိရခဲ့တော့လေ၏။

ထို့ကြောင့် သူသည် အိမ်ဆီသို့ ပျာယီးပျာယာ ပြေးသွားမိပြီးလျှင် အိမ်ရှေ့ခန်းဆီသို့ တန်းမဝင်သေးဘဲ ဒေါ်ဒေါ်ဆင့်ရှိရာ ထမင်းစားခန်းထဲသို့ ဝင်သွားရာက ကြောင်အိမ်ကို ကမန်းကတန်းဖွင့်၍ မုန့်ဘူးထဲမှ တရုတ်မုန့်တစ်ခု ပလုတ်ပလောင်း စားနေတော့လေသည်။

"တော်တော့ကို ပစ်စလက်ခတ်နေတဲ့ ကလေးမပဲကွယ်" ဟု ဒေါ်ဒေါ်ဆင့်က ငယ်နိုင်ပီပီ မျက်နှာထား ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလိုက်လေ၏။ သို့ရာတွင် ရီရီဆွေမှာ ငြိမ်ခံနေမည့် ဟန်မျိုးမရှိဘဲ တရုတ်မုန့်ကို အပြီးသတ် ပါးစပ်ထဲ ထည့်သွင်းလိုက်ရင်းက...

"အောင်မယ်လေး... ဒေါ်ဒေါ်ဆင့်ကလည်း နေ့တိုင်း ဒီအတိုင်းနေခဲ့တာ၊ ဒီကနေ့မှ အထူးအဆန်းလုပ်လို့ ပြောနေတယ်။ ဆွေ အခုနေတာ... ပစ်စလက်ခတ် မနိုင်ပါဘူး ဒေါ်ဒေါ်ဆင့်ရယ်" ဟု အားကျမခံ ပြန်ပြောလိုက်လေသည်။

"တကတဲ မရီဆွေ့နှယ်... ပစ်စလက်ခတ်မနိုင်လို့သာ... နိုင်များနိုင်ရင်၊ ကျုပ် ကြမ်းတိုက်ရတာနဲ့ သေရချည်ရဲ့။ ကြည့်စမ်းပါဦး... ဖိနပ်လည်းမစီး၊ ခြေထောက်တစ်ခုလုံး မြေကြီးတွေနဲ့ ညစ်ပတ်လို့။ နောက်ပြီး ကျောင်းကပြန်လာကတည်းက အဝတ်အစား မလဲ၊ ဒီကျောင်းဂါဝန်ကြီးနဲ့ စန္ဒရားဆရာကြီးရှေ့ သွားသင်မလို့လား... ဟင်... မရီဆွေရဲ့"

ရီရီဆွေသည် ဒေါ်ဒေါ်ဆင့်၏ စကားကို နားစိုက်ထောင်နေရာက တရုတ်မုန့်တစ်ခုကို နှိုက်ထုတ်စားနေပြန်လေ၏။ ထို့နောက် ပါးစပ်ထဲ မုန့်စားနေရင်းက...

"အကျိုလဲတာများ... ဘာကြာတာလိုက်လို့... အခုသွားလဲချည်မှာ

mgyoe.com

mgyoe.com


ပေါ့ ” ဟု ခပ်ပြုံးပြုံး ပြန်ဖြေလိုက်လေသည်။

“ကဲ... ကဲ၊ လဲမှာဖြင့် မြန်မြန်လဲချည်ပါ၊ ဟိုမယ်... ဆရာကြီး စောင့်နေရတာ ကြာလှပါပြီ”

ရီရီဆွေမှာ ဒေါ်ဒေါ်ဆင့်အား ကျေနပ်သဘောကျစွာ လှည့်ပြုံးလိုက်ပြီးနောက် တရုတ်မုန့်ကို ပလုတ်ပလောင်း စားရင်းကပင် သူ့အခန်းဆီသို့ ပြေးဝင်သွားလေတော့၏။ သူပြောသည့်အတိုင်းပင် မကြာမီ အတောအတွင်း၌ အင်္ကျီအဝတ်အစားလဲလှယ်၍ ထွက်လာလေ၏။

စန္ဒရားရှိရာ ဧည့်ခန်းဆီသို့ လျှောက်အသွားတွင် ဇိနတ္ထပကာသနီ စာအုပ်ကြီးကို စိတ်ဝင်စားစွာ ဖတ်လျက်ရှိသော သူ့မိခင်ကြီးကို တွေ့ရသဖြင့်...

“ဖေဖေ ဘယ်သွားသလဲ မေမေ” ဟု လှမ်းမေးလိုက်မိလေသည်။

“သူ့အလုပ်ကိစ္စတစ်ခုနဲ့ ထွက်သွားတာပဲကွဲ့... ပြန်လာတော့မယ် ထင်ပါရဲ့။ သြော်... သူကနေ့ စောစောပြန်ရောက်လာရမှာပေါ့။ သမီးကို ပြောဖို့ မေ့နေတယ်။ ဒီကနေ့ညာ၊ မင့်ဖေဖေက ဟိုရန်ကုန်က ပြောင်းလာတဲ့ ဆန်ပွဲစားကလေး မောင်ကြည်လှိုင်ဆိုတာကို ညစာ ထမင်းဖိတ်ကျွေးမလို့တဲ့’

မိခင်ကြီး၏စကားကြောင့် ရီရီဆွေမှာ ရုတ်တရက် အံ့အားသင့်သွားမိလေ၏။

“သူငယ်ကလေးက မင့်ဖေဖေနဲ့ အလုပ်အတူတူ လုပ်ကြလို့တဲ့...၊ အောင်မယ်... သူက စန္ဒရားလည်း အတော်ကြီး တီးတတ်တယ်ဆိုပဲ၊ မင့်ဖေဖေကတော့ သူ့ကို တော်တော် သဘောကျပုံရတယ်” ဟု သူ့မိခင်ကြီးက ဆက်၍ ပြောလိုက်သောအခါ၌မူကား ရီရီဆွေမှာ ကိုကြည်လှိုင်ဆိုသူအား လုံးဝမသိဖူးဟန်နှင့်...

“သူက အသက်တော်တော်ငယ်သလား၊ ပွဲစားကြီးဆိုတော့ ဖေဖေ

mgyoe.com

mgyoe.com



တို့လောက်များလားလို့” ဟု ဣန္ဒြေခပ်တည်တည်နှင့် မေးလိုက်မိလေသည်။

“အသက်ရှိလှ အစိတ်လောက်ပေါ့ကွဲ့... သမီးလည်း ညကျရင် ကောင်းကောင်းမွန်မွန် ဖော်ဖော်ရွေရွေ ဧည့်ခံရမယ်နော်”

ထိုအခိုက် ဧည့်ခန်းဆီမှ... တဒေါင်ဒေါင်၊ တဒင်ဒင် လက်သံစမ်းလိုက်သော စန္ဒရားသံကို ကြားလိုက်ရသဖြင့် ဆရာကြီး အချက်ပေးခေါ်မှန်း ရိပ်မိသောကြောင့် ရီရီဆွေလည်း ကပျာကသီ ပြေးထွက်သွားရလေတော့၏။

မကြာမီ မင်္ဂလာသီရိဘွဲ့ကို တီးလိုက်သည့် စန္ဒရားသံမှာ စည်းသံကလေးနှင့်အတူ ဧည့်ခန်းတွင်းမှ ဟိန်း၍ ထွက်ပေါ်လာလေတော့သည်။

(၄)

ထိုည ထမင်းစားပွဲတွင် ရီရီဆွေနှင့် ကိုကြည်လှိုင်တို့မှာ တစ်ယောက်ကိုတစ်ယောက် မတွေ့ဖူး၊ မမြင်ဖူးသူများကဲ့သို့ ဟန်လုပ်လျက်ရှိကြလေ၏။

ဖခင်ဖြစ်သူက သူတို့နှစ်ယောက်အား မိတ်ဖွဲ့ပေးစဉ်အချိန်၌ ကိုကြည်လှိုင်၏ မျက်လုံးများမှာ ကြည်လင်တောက်ပလျက်ရှိကြောင်းကို တွေ့ရလေ၏။ ရုတ်တရက်သော် ရီရီဆွေ့စိတ်ထဲ၌...

“အို... ရီရီဆွေနဲ့ ကျွန်တော် မိတ်ဆွေဖြစ်နေကြတာ ကြာပါပြီ” ဟူ၍များ ကိုကြည်လှိုင်က ပြောလေမည်လားဟု အောက်မေ့လိုက်မိသေးသည်။ သို့သော် ကိုကြည်လှိုင်က ဘာတစ်ခွန်းမှ မပြောချေ။ သူ့မျက်လုံးကြီးများကမူ...

“ကဲကွာ... တို့နှစ်ယောက် ဘယ်လောက်ကြာကြာ ဖုံးထားနိုင်မလဲ၊ စမ်းကြည့်ကြရအောင်” ဟု ပြောနေသကဲ့သို့ ထင်ရလေ၏။

mgyoe.com